# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 17 July 2025 ၁၁၈၈၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်(ထောက်လှမ်းရေး)ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ် (ထောက်လှမ်းရေး) Lieutenant General Shrinjay Pratap Singh, AVSM, YSM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်(ထောက်လှမ်းရေး) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**ယနေ့ ဖတ်စရာ**

**လူငယ်တို့ထားရှိအပ်သော အာဇာနည်စိတ်ထား**


ဆောင်းပါး စာမျက်နှာ » ၆


**ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ လိုင်စင်ပါစည်းကမ်းချက်များ၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်မှုမရှိသည့် ကုမ္ပဏီများကို အရေးယူမှုများပြုလုပ်သွားမည်**


စာမျက်နှာ » ၈





ကြေးမုံ

# ကျောင်းနေပျော်၍ စာတော်ပြီး နိုင်ငံ့အကျိုး ပညာဖြင့်သယ်ပိုး

ကမ္ဘာပေါ်ရှိနိုင်ငံများသည် ပညာဖြင့်သာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာကြသည်။ ပညာရေးကို စဉ်ဆက်မပြတ် အားပေးမြှင့်တင်ကြသည်။ မျိုးဆက်များအား စဉ်ဆက်မပြတ် သင်ကြားပေးခဲ့သော ပညာများဖြင့် မိမိဘဝတိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့အကောင်အထည်ဖော်ရာတွင် ကျောင်းသား ကျောင်းသူများ ကျောင်းနေပျော်၍ စာတော်စေရန် ဆရာ ဆရာမများက အင်တိုက်အားတိုက် စေတနာအပြည့်အဝထား၍ သင်ကြားပေးလျက်ရှိသည်။ ဆရာ ဆရာမများ၏ တတ်မြောက်ထားသောပညာရပ်များဖြင့် မိမိတို့တာဝန်ယူသင်ကြားပေးနေသည့် ဘာသာရပ်များကို ကျောင်းသား ကျောင်းသူများ အမှန်တကယ် သင်ကြားတတ်မြောက်နိုင်မှသာလျှင် နိုင်ငံ့တာဝန် ကျေပွန်မည်ဖြစ်သည်။ တက္ကသိုလ်အဆင့်တွင် အထူးပြုဘာသာရပ်အသီးသီးမှ စတုတ္ထနှစ်နှင့် ပဉ္စမနှစ် ကျောင်းသား ကျောင်းသူများအနေဖြင့် Project များကို မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဥပမာအားဖြင့် ဆေးပညာ၊ အင်ဂျင်နီယာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ၊ မွေးမြူရေး၊ စိုက်ပျိုးရေးဘာသာရပ် စသည့် သိပ္ပံဘာသာရပ်များနှင့်ပတ်သက်၍ ထိရောက်စနစ်ကျသော လက်တွေ့အသုံးချ သင်ကြားပြသနိုင်မှုကြောင့် ထူးချွန်ထက်မြက်သော ဘာသာရပ်ဆိုင်ရာပညာရှင်များ ပေါ်ထွန်းလာသကဲ့သို့ ဝိဇ္ဇာပညာရပ်များအပါအဝင် အခြားဘာသာရပ်အသီးသီး၌လည်း လက်တွေ့အသုံးချ သုတေသနပြုဖော်ထုတ်မှုများဖြင့် နယ်ပယ်အလိုက် ပညာရှင်အသီးသီးပေါ်ထွက်ပြီး မိမိအကျိုး၊ နိုင်ငံ့အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ အလားတူ စဉ်ဆက်မပြတ် ပညာရည်မြှင့်တင်ပေးနိုင်ရေးအတွက် ဘွဲ့လွန်၊ မဟာ၊ ပါရဂူပညာရပ်များတွင် Project နှင့် သုတေသနပြုစာတမ်းများ ရေးဆွဲပြုစုခြင်းများက အနာဂတ်နိုင်ငံတော်အတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။

Project နှင့်သုတေသနပြုစာတမ်းများပြုစုရာတွင် စာတမ်းများကို မှတ်တမ်းမှတ်ရာအဖြစ် ကျန်ရှိနေခြင်းသာမက မိမိအတွက်၊ အများပြည်သူ၊ နိုင်ငံအတွက်ပါ အကျိုးရှိအောင် ဆောင်ရွက်ထားရမည်ဖြစ်သည်။ တက္ကသိုလ်ဟူသည် သင်ကြားရေးတစ်ခုတည်းအတွက်နှင့် ပြည့်စုံသည်မဟုတ်ပေ။ သင်ကြားရေးသာမက သုတေသနလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရသည်။ ဌာနအလိုက် သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ သုတေသနစာစောင်တွင် ပါဝင်ရေးသားခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်ခဲ့ကြသောကြောင့် ပညာရပ်ဆိုင်ရာတို့ကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်သလို စိတ်ပါဝင်စားသည့် အများပြည်သူတို့အနေဖြင့်လည်း လေ့လာဆည်းပူးကြကာ မိမိအကျိုး၊ နိုင်ငံ့အကျိုးကို ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ဥပမာအားဖြင့် ပါမောက္ခ အေ အင်္ဂါနှင့် ဘီရပ်ဂိုပေါလ်တို့က အိန္ဒိယနှင့် မြန်မာ ဥပဒေစာအုပ်သုံးတွဲကို ပြုစု၍ ၁၉၂၈ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုနှစ်တွင် ပါမောက္ခ ဦးဖေမောင်တင်က ဓမ္မသတ်များကို ဘာသာပြန်ခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် အေ အင်္ဂါက အိန္ဒိယဥပဒေများမှ မြေယာပစ္စည်း(ပိုင်ဆိုင်ခွင့်) အတွဲ ၁ နှင့် မြေယာပစ္စည်း (လွှဲပြောင်းခြင်း)အတွဲ ၂ ကို ရေးသားပြုစုခဲ့သည်။ အရှေ့တိုင်းပညာဌာနကလည်း ၁၉၂၈ ခုနှစ်၌ ပါမောက္ခ ဦးဖေမောင်တင်သည် ကင်းဝန်မင်းကြီးလန်ဒန်မြို့သို့သွား နေ့စဉ်မှတ်တမ်း အတွဲ ၂ ကို လည်းကောင်း၊ ကင်းဝန်မင်းကြီးပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်တမ်းနှင့် ရှင်ဗုဒ္ဓဃောသ၏ ဝိသုဒ္ဓိမဂ် အင်္ဂလိပ်ဘာသာပြန် အတွဲ ၂ ကို လည်းကောင်း တည်းဖြတ်ထုတ်ဝေခဲ့သည်။ အလားတူ ပညာရှင်အသီးသီး၏ သုတေသနစာတမ်းများကို ပုံနှိပ်ထုတ်ဝေထားရှိခြင်းအားဖြင့် နိုင်ငံသမိုင်းတစ်လျှောက်၌ များစွာအထောက်အကူပြုခဲ့သည်။

သုတေသနဆောင်းပါးများသည် အဆင့်အတန်းရှိသဖြင့် နိုင်ငံတကာကပင် လေးစားအထင်ကြီးခြင်းခံခဲ့ရသည်။ စစ်ကြိုခေတ်ကာလက ရန်ကုန်တက္ကသိုလ်ရှိ ဌာနအသီးသီး၏ သုတေသနဆောင်ရွက်ချက်များနှင့် ပုံနှိပ်ထုတ်ဝေခြင်းတို့သည် အလွန်အားကျစရာကောင်းလှသည်။ တက္ကသိုလ်ဆရာတစ်ဦးသည် သင်ကြားရေးသာမက သုတေသနကိုလည်းပြုရသည်။ အခြားနိုင်ငံများတွင် ပါမောက္ခတစ်ဦး၏ အရည်အသွေးကို တိုင်းတာရာ၌ သုတေသနစာတမ်း မည်မျှပြုစုသည်၊ စာအုပ်မည်မျှထုတ်ဝေသည်၊ နိုင်ငံတကာသုတေသနစာတမ်းများ မည်မျှဖတ်ကြားသည်တို့အပေါ်တွင် အခြေခံသဖြင့် အပြိုင်အဆိုင်လုပ်ကိုင်ကြပြီး အဆိုပါသုတေသနစာတမ်းများ၊ စာအုပ်များသည် နိုင်ငံအတွက် အကျိုးပြုသဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

သို့ဖြစ်ရာ မျိုးဆက်သစ်များကို ကျောင်းနေပျော်ပြီး စာတော်အောင် သင်ကြားပို့ချပေးကာ ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်းများ၊ စာအုပ်များ ပြုစုထုတ်ဝေပြီး ကျောင်းသား ကျောင်းသူများအတွက်သာမက နိုင်ငံအတွက်ပါ အကျိုးပြုနိုင်အောင် အပတ်တကုတ် ဝိုင်းဝန်းကြိုးပမ်း စွမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူး ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားခြင်းများ စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၆**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသောပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် **ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် မျိုးဆက်သစ်ဝံသာနုပါတီ**တို့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်းစိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့် လျှောက်ထားချက်များကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

**ပြည်သူ့အင်အားဒီမိုကရေစီပါတီ [People Power For Democracy Party (PPD)]**၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိသောကြောင့်လည်းကောင်း၊ **လီရှောအမျိုးသားပါတီ**၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိသောကြောင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ် (၃၀/၂၀၂၅) ဆုံးဖြတ်ချက်အရ ယင်းပါတီများ၏ ပါတီတည်ထောင်ခွင့်လျှောက်ထားချက်များကို ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေပါ ပုံစံ (၈) ဖြင့် ငြင်းပယ်လိုက်ရာ ယနေ့အထိ နိုင်ငံရေးပါတီ ၂၁ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်ကြောင်းနှင့် နိုင်ငံရေးပါတီ ငါးပါတီကို ငြင်းပယ်ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းတွေ့ဆုံ

**တောင်ကြီး ဇူလိုင် ၁၆**

ရှမ်းပြည်နယ် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နွေစပါးစီမံကိန်း စိုက်ပျိုးလျက်ရှိသည့် "ခေါက်တိုင်းဟွမ်" လယ်ယာနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းသားများ စိုက်ပျိုးထားရှိသည့် နွေစပါးရိတ်သိမ်းမှုအခြေအနေကို ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ်ရှိ အသင်းမှ လိုအပ်ချက်များကို သက်ဆိုင်ရာမြို့နယ် သမဝါယမအသင်းစု အမှုဆောင်အဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ဟိုပုံးမြို့နယ်ရှိ နွေစပါးစီမံကိန်းစိုက်ပျိုးသည့် "ဟန်လွဲ" စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား တောင်သူများ စိုက်ပျိုးထားရှိသည့် စပါးခင်းကို ကွင်းဆင်းကြည့်ရှု၍ ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေးနှင့် သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၁၆ - ၇ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၆- ၇ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၂၀၀ | ၇,၁၀၀ | ၁၁၅ | ၈၁၇,၇၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၁,၂၈၅ | ၄,၁၇၆,၂၅၀ |
| MCB | ၇,၄၀၀ | ၇,၃၀၀ | ၁၀ | ၇၃,၉၀၀ |
| FPB | ၂,၀၀၀ | ၂,၀၀၀ | ၁ | ၂,၀၀၀ |
| TMH | ၂,၆၅၀ | ၂,၆၀၀ | ၈၄၈ | ၂,၂၀၅,၃၀၀ |
| EFR | ၁,၇၅၀ | ၁,၇၀၀ | ၅၅ | ၉၅,၈၀၀ |
| AMATA | ၃,၇၀၀ | ၃,၇၀၀ | ၉၆၁ | ၃,၄၆၀,၇၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၅၀ | ၆၃ | ၂၀၃,၉၀၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၅၀ | ၈၀၀ | ၂,၄၄၀,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သောအဖွဲ့နှင့် အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်(ထောက်လှမ်းရေး) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

☆ ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ် (ထောက်လှမ်းရေး)နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး Colonel Jaswinder Singh Gill နှင့် အိန္ဒိယတပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီးဖြစ်ပေါ်ကြုံတွေ့ခဲ့ရချိန်၌ အိန္ဒိယနိုင်ငံမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ အချိန်နှင့်တစ်ပြေးညီ ကူညီပေးအပ်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာများတွင်လည်း ဆက်လက်ကူညီပေးသွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကို အနှစ်သာရရှိစွာဖြင့် ကျင်းပသွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် အိန္ဒိယတပ်မတော်ကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယစစ်ဦးစီးချုပ်(ထောက်လှမ်းရေး)တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက် ယာယီဝန်ထမ်းအိမ်ရာများ၊ ယာယီရုံးများကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၆**

သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ်ရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ယာယီဝန်ထမ်းအိမ်ရာများအနီး၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းက ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့်အရာထမ်း၊ အမှုထမ်းများက ကျွန်းပင် ၁၁၀၊ ပိတောက်ပင် ၅၀၊ ပျဉ်းကတိုးပင် ၅၀၊ ခရေပင် ၅၀ စုစုပေါင်းပျိုးပင် ၂၆၀ ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် ခုံရုံးအဖွဲ့ဝင်များသည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး စိုက်ပျိုးပြီးသစ်ပင်များ ရှင်သန်ဖြစ်ထွန်းရေးအတွက် စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ယာယီဝန်ထမ်းအိမ်ရာများတွင် နေထိုင်လျက်ရှိသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးယာယီရုံးတွင် ဝန်ထမ်းများ ရုံးလုပ်ငန်းများပုံမှန်ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် မိုးရာသီ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၁၆**

ငါးသယံဇာတ တိုးပွားလာစေရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် မိသားစုများ၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ မင်္ဂလာကန်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့် ဇနီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့်ဇနီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်၍ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ယနေ့ကျင်းပသည့် ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပံ့ပိုးပေးသည့် ငါးမြစ်ချင်း ၅၀၀၀ နှင့် ငါးခုံးမကြီး ၅၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ ကို မင်္ဂလာကန်တော်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တပ်ကုန်းမြို့နယ် ညောင်ပင်သာနှင့် မကျီးပင်ကျေးရွာတို့၌ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၁၆**

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့် ညောင်ပင်သာရွာနှင့် မကျီးပင်ကျေးရွာတို့သို့ သွားရောက်၍ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြပြီး ဒေသ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ဦးစွာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာရှိ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းအဖြစ် မကျီးပင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ အမျိုးသမီးများအား အခြေခံစက်ချုပ်နည်းပညာသင်တန်းပို့ချသင်ကြားပေးနေမှုကို လည်းကောင်း၊ ရေတွင်းဖြူကျောင်းတိုက်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တပ်ကုန်းမြို့နယ် ဦးစီးမှူးရုံးက မကျီးပင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ပန်းခင်း(၃)စီမံချက်အဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားများ စနစ်တကျထုတ်ပေးနေမှုကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် မကျီးပင်ညောင်ပင်သာကျောင်းတိုက်သို့သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဦးဥက္ကဋ္ဌအား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကာ သဘာဝဘေးဒဏ်ကြောင့် ဘုရား၊ စေတီ၊ ပုထိုးများ ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ညောင်ပင်သာကျေးရွာ ရှင်းလင်းဆောင်၌ သဘာဝဘေးဒဏ်သင့်ကျေးရွာများဖြစ်သည့် မကျီးပင်နှင့် ညောင်ပင်သာကျေးရွာတို့မှ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် ယခုနှစ်ပိုင်းအတွင်း အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့ပြီး ပြည်သူများလည်း ထိခိုက်ခံစားခဲ့ရကြောင်း၊ ကျေးရွာသူကျေးရွာသားများအနေဖြင့်သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့သော်လည်း မိမိတို့တွင် ရှိသည့်အားဖြင့် ပြန်လည်ရုန်းထ၍ မိမိတို့ဘဝရှေ့ရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့်လည်း မကျီးပင်နှင့် ညောင်ပင်သာကျေးရွာတို့မှ ပြည်သူများ နေထိုင်နိုင်ရန် လူနေအိမ်များ တည်ဆောက်ပေးခဲ့ပြီး ကြက်ခြေနီအသင်းကလည်း ရေနှင့် မိလ္လာအဆင်ပြေစေရန် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထို့ပြင် ယခုကျေးရွာနှစ်ရွာ၌ နောင်တွင် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရန် မြစ်၊ ချောင်းများ ထိန်းသိမ်းရေးကို စနစ်တကျဆောင်ရွက်သွားမည့်အပြင် ပြန်လည်ထူထောင်ရေးကာလအလွန်တွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ကိုင်နိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူကျေးရွာများအတွင်း ခရီးစဉ်ဒေသများ ဖော်ထုတ်၍ ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေအနားယူခြင်းမှတစ်ဆင့် ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး ဝင်ငွေတိုးတက်ရရှိစေရန်လည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် မိမိတို့ရပ်ရွာသန့်ရှင်းလှပစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်း စီမံချက်ကို ယခုကျေးရွာနှစ်ရွာတွင် ရှေ့ပြေးစီမံချက်ဖြင့် စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး နောင်တွင် သဘာဝဘေးအန္တရာယ် ကျရောက်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များ၌လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့် မိမိတို့ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်ထူထောင်ရေးစီမံကိန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းက သဘာဝဘေးဒဏ်သင့် မကျီးပင်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့တွင် ဆောင်ရွက်မည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ပြည့်စိုးက Contract Farming စနစ်ဖြင့် ရုံးပတီစမ်းသပ်စိုက်ပျိုးမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ညောင်ပင်သာကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးအား MRTV DTH စလောင်းနှင့် DVB–T2 Set Top Box တို့ကိုပေးအပ်ပြီး ကော်မတီဝင်ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်တို့က မကျီးပင်နှင့် ညောင်ပင်သာကျေးရွာတို့အတွက် MRTV DTH စလောင်း၊ DVB–T2 Set Top Box နှင့် ကျေးရွာစာကြည့်တိုက်တို့အတွက် သုတ၊ ရသစာအုပ်စာစောင်များကို ပေးအပ်ကြသည်။

ယင်းနောက် မကျီးပင်နှင့် ညောင်ပင်သာကျေးရွာတို့မှ ပြည်သူများက ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်စားသောက်မှုအခြေအနေ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ပင်သာကျေးရွာအတွင်းရှိ ရေဘေးသင့်ပြည်သူများ နေထိုင်နိုင်ရန် တည်ဆောက်ပေးထားသည့် လူနေအိမ်များကို ကြည့်ရှုစစ်ဆေးပြီး အိမ်ထောင်စုများအလိုက် နေထိုင်စားသောက်မှုအခြေအနေများ၊ သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိမှုအခြေအနေများကို မေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ နဝင်းချောင်းကမ်းထိန်းလုပ်ငန်း လျာထားဆောင်ရွက်နေမှုအခြေအနေ၊ ကျေးရွာအတွင်း တပ်ကုန်းမြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်များက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုအခြေအနေ၊ နေပြည်တော်လူမှုဝန်ထမ်းရုံးက ထိခိုက်လွယ်အုပ်စု(၄)အုပ်စုတို့မှ ပြည်သူများအား စောင့်ရှောက်ပေးနေမှုနှင့် ကျေးရွာအတွင်း အသားကဏ္ဍဖူလုံစေရန် ရည်ရွယ်၍ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ် အုန်းပင်ကျေးရွာရှိ သားခိုတောင် မဟာအတုလလောက ရန်အောင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ပြီး စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေနှင့် MRTV DVB–T2 Set Top Box တို့ကို ဘုရားဂေါပကတာဝန်ရှိသူထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ရှေးဟောင်းသမိုင်းဝင် သားခိုတောင်ဒေသကို ပြည်သူများလာရောက်လေ့လာနိုင်မည့် ဒေသန္တရခရီးစဉ်တစ်ခုအဖြစ် ဖော်ဆောင်ကာ ညောင်ပင်သာ အပန်းဖြေစခန်းနှင့် တွဲဖက်၍ လျာထားဆောင်ရွက်နိုင်မည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဇေယျာသီရိမြို့နယ် ဝန်ပြန်ကျေးရွာ ဘမ်ဘူးဝါးထုတ်ကုန်သမဝါယမအသင်းလီမိတက်ရှိ ဝါးသင်တန်းခန်းမ၌ အသင်းသူ အသင်းသားများနှင့်တွေ့ဆုံ၍ ဝါးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

## ဧရာဝတီမြစ်ကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများ မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

**နေပြည်တော် ဇူလိုင် ၁၆**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေ သည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ချောက်မြို့နယ်၊ ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်တို့ အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**



## မကျော်လွှားနိုင်တဲ့ အခက်အခဲဆိုတာ မရှိနိုင်

**ကျွန်ုပ်တို့ ဗမာပြည်အကြောင်းကို ပြောကြားတဲ့အခါတိုင်း စည်းလုံးညီညွတ်ပြီး လွတ်လပ်တဲ့ ဗမာပြည်တစ်ပြည်လုံးကို မျက်စိထဲမှာမြင်ယောင်ပြီး ပြောတာဖြစ်တယ်။ ကျုပ်တို့တစ်ပြည်လုံး စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်ရာမှာ ကျွန်ုပ်တို့ နိုင်ငံတွင်းမှာရှိတဲ့ လူမျိုးစုအားလုံးကို ပြင်ပ ပယောဂမပါဘဲ လွတ်လပ်စွာ တွေ့ဆုံဆွေးနွေးခွင့်ပေးရင် ကျွန်ုပ်တို့ မကျော်လွှားနိုင်တဲ့ အခက်အခဲဆိုတာ ဘာမှရှိမှာမဟုတ်ဘူး။ အားလုံး စည်းလုံးညီညွတ်လာမှာ အမှန်ပါပဲ။**

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၃-၁-၁၉၄၇ ရက်နေ့ လန်ဒန်မြို့တွင် နန်းရင်းဝန် အက်တလီနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည့် မိတ်ဆက်စကားမှ ကောက်နုတ်ချက်)*

# ပြန်ကြားရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲကျင်းပ



**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုနယ်မြေအတွင်းရှိ မြစ်၊ ချောင်း၊ ဆည်တမံများအတွင်း ငါးသယံဇာတများ တိုးပွားလာစေရေး၊ ငါးမျိုးပြုန်းတီးမှုမဖြစ်ပေါ်စေရေး၊ သဘာဝရေပြင်နှင့် ကန်များတွင် ငါးမျိုးများ ရေရှည်စဉ်ဆက်မပြတ်တည်တံ့ခိုင်မြဲပြီး ငါးသယံဇာတပေါကြွယ်ဝစေရေး၊ နိုင်ငံတော်၏ ငါးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရေး တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းဘေးရှိ မင်္ဂလာကန်၌ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ငါးသားပေါက်များကို မင်္ဂလာကန်အတွင်း စတင်စိုက်ထည့်ပေးပြီး တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ ငါးလုပ်ငန်းဦးစီးဌာနမှ ပံ့ပိုးပေးသည့် ငါးမြစ်ချင်းနှင့် ငါးခုံးမ ငါးသားပေါက်များအား ကန်အတွင်း စိုက်ထည့်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

**ငါးသားပေါက်ကောင်ရေ**
**၂၀၀၀ ကျော် စိုက်ထည့်ပေး**

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဇွန် ၂၃ ရက်က နေပြည်တော် တပ်ကုန်းမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်းရှိ သတ်မှတ်ကန်အတွင်း ငါးမြစ်ချင်းကောင်ရေ ၂၅၀၀ နှင့် ထိုင်းငါးခုံးမကောင်ရေ ၂၅၀၀ စုစုပေါင်း ၅၀၀၀ စိုက်ထည့်ပေးခဲ့ပြီး ယနေ့ အခမ်းအနားတွင် ငါးမြစ်ချင်းနှင့် ငါးခုံးမ ငါးသားပေါက်ကောင်ရေ ၂၀၀၀ ကျော် စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း နေပြည်တော် ဟိုတယ်ဇုန်(၂)အတွင်းရှိ ဟိုတယ်များ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၆**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဟိုတယ်ဇုန်(၂)အတွင်းရှိ ဟိုတယ်များ မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအပေါ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးအား တာဝန်ရှိသူများက မန္တလေးငလျင်ကြီးကြောင့် ဟိုတယ်များ၏ ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်မွမ်းမံဆောင်ရွက်နေမှု အခြေအနေ၊ အပြာရောင်အဆင့်ရှိ အဆောက်အအုံများကို မွမ်းမံပြင်ဆင်၍ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ ထိခိုက်ပျက်စီးမှု မရှိသည့် အဆောက်အအုံ၊ အခန်းများ၌ ဧည့်သည်များ လာရောက်တည်းခိုနေထိုင်နိုင်အောင် ဖွင့်လှစ်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်များအနေဖြင့် ပြန်လည်တည်ဆောက် ပြုပြင်မွမ်းမံရေး ဆောင်ရွက်ကြရာတွင် ဘေးအန္တရာယ် ကင်းရှင်းရေးကို အထူးဂရုပြု ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ထိခိုက်ပျက်စီးခဲ့သော်လည်း လူနေထိုင်နိုင်သည့် (အပြာရောင်အဆင့်သတ်မှတ်ထားသည့်) အခန်းများနှင့်ခန်းမများကို အသိအမှတ်ပြု အင်ဂျင်နီယာအဖွဲ့များဖြင့် စနစ်တကျပြုပြင်မွမ်းမံ၍ ဧည့်သည်များ ပိုမိုလက်ခံနိုင်ရေး၊ ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး အမြန်ဆုံးဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဟိုတယ်များအနေဖြင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်း သာယာလှပရေးကိုပါ အထူးအလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ-ရုရှားနှစ်နိုင်ငံ ကျားထိန်းသိမ်းရေးအထိမ်းအမှတ် Block of Stamp အထူးထုတ် ၂၀၀ ကျပ်တန် သုံးခုပါ စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးမည်

**နေပြည်တော် ဇူလိုင် ၁၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ အပြည်ပြည်ဆိုင်ရာ ကျားကောင်ရေတည်တံ့ရေးဖိုရမ်အတွက် ထုတ်ဝေခဲ့သော တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းစုဆောင်းသူဝါသနာရှင်များ တစုတစည်းတည်း စုဆောင်းနိုင်ကြရန် ရည်ရွယ်၍ **မြန်မာ-ရုရှားနှစ်နိုင်ငံ ကျားထိန်းသိမ်းရေးအထိမ်းအမှတ် Block of Stamp အထူးထုတ်** ၂၀၀ ကျပ်တန် သုံးခုပါ စာပို့တံဆိပ်ခေါင်းသစ်(၁)မျိုးအား **၂၀၂၅ ခုနှစ် ဇူလိုင် ၂၀ ရက် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲမှ** စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။




အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၅ ခုနှစ် ဇူလိုင် ၂၀ ရက် (တနင်္ဂနွေနေ့)**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်တို့ထားရှိအပ်သော အာဇာနည်စိတ်ထား

ညွန့်ဝင်း(နတ်တလင်း)

လွန်ခဲ့သော အတိတ်ကာလ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျွန်ုပ်တို့၏ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည်။ သို့သော် အာဇာနည်ခေါင်းဆောင်ကြီးများ ဖောက်လုပ်ခဲ့သောလမ်းကို ကျွန်ုပ်တို့ဆက်လျှောက်ကာ လွတ်လပ်ရေးကြီးကို ရယူပိုင်ဆိုင်နိုင်ခဲ့သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အာဇာနည်စိတ်ဓာတ်ဖြင့် ကြိုးပမ်းခဲ့မှုများသည် အစဉ်အဆက်သော မျိုးဆက်သစ်တို့ အတုယူလိုက်နာစရာဖြစ်သည်။

**“မကြာသေးမီက ပြည်သူ့စစ်မှုထမ်းဥပဒေကိုအတည်ပြု၍ လူငယ်များကို နှစ်အကန့်အသတ်ဖြင့် စစ်မှုထမ်းရန် ခေါ်ယူပြီး သင်တန်းဖွင့်လှစ်ကာ စစ်ပညာများ သင်ကြားဆောင်ရွက်ပေးနေပြီဖြစ်သည်။ ဤသို့ ဆောင်ရွက်ပေးခြင်းသည် လူငယ်များတိုင်းချစ်၊ ပြည်ချစ်စိတ်ဓာတ်ခိုင်မာ၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အလေးထား ဆောင်ရွက်တတ်စေရန်ဖြစ်ပါသည်။ လူငယ်များ စစ်မှုထမ်းသဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများမှာ များပြားလှပါသည်။ နိုင်ငံ့သားကောင်းတစ်ယောက်အနေဖြင့် နိုင်ငံ့တာဝန်ကို ကျေပွန်ခြင်း၊ တပ်မတော်၏ မူဝါဒများကိုနားလည်ပြီး တပ်မတော်သားများအပေါ် စာနာနားလည်နိုင်ခြင်း၊ လူနှင့် လူ့အဖွဲ့အစည်းကို ခွဲခြားသိမြင်ခြင်း၊ ခေါင်းဆောင်မှုနှင့်အတူ အဖွဲ့လိုက်ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ စီမံခန့်ခွဲတတ်ခြင်းနှင့် စည်းကမ်းလိုက်နာတတ်ခြင်း စသောပညာရပ်များက လူငယ်ထုအတွင်း ကိုယ်ရည်ကိုယ်သွေးအဖြစ် ဖြစ်တည်သွားမည်”**

အာဇာနည်စိတ်ဓာတ်ကို ယနေ့လူငယ်တို့ မှန်ကန်စွာ သိနားလည်ရန်လိုပါသည်။ မြန်မာအဘိဓာန်တွင် **“အာဇာနည်ကို အကြောင်းဟုတ်၊ မဟုတ်ကို ကောင်းစွာသိသူ၊ သာမန်ထက် လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်၍ အများအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ”** ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ မြတ်စွာဘုရားရှင်က ယောကျ်ား အာဇာနည်သည် ကိုယ်ကျင့်သီလကောင်းမွန်ခြင်း၊ ဝီရိယကောင်းခြင်း၊ ဉာဏ်ပညာနှင့်ပြည့်စုံခြင်း စသည့်လက္ခဏာများနှင့် ပြည့်စုံရမည်ဟု မိန့်တော်မူခဲ့သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကိုယ်ကျင့်သီလ၊ လုံ့လဝီရိယနှင့် ဉာဏ်ပညာတို့ကို လူငယ်တို့ သိရှိအတုယူသင့်ပါသည်။

## မီးမောင်းထိုးပြ

ဘိုးဘေးဘီဘင်အစဉ်အဆက်က အခိုင်အမာ ရပ်တည်ခဲ့သော ကျွန်ုပ်တို့မြန်မာနိုင်ငံကို နယ်ချဲ့တို့က ကျူးကျော်စစ်သုံးကြိမ်ဖြင့် တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထို့ကြောင့် မြန်မာ့လွတ်လပ်ရေး ဆုံးရှုံး၍ သူ့ကျွန်ဘဝတွင် ဖိနှိပ်အုပ်ချုပ်ခံခဲ့ရသည်။ သို့သော် မြန်မာတို့က နယ်ချဲ့တို့ကို ဒူးထောက်အညံ့မခံဘဲ ပြန်လည်တွန်းလှန်ခဲ့ကြသည်။ **“သူ့နိုင်ငံသား၊ သံမှုန့်စားမှ၊ တို့ဓားတုံးမည်၊ မှတ်တော်တည်လော့”** ဟုဆိုသည့်အတိုင်း အဖိနှိပ်အုပ်ချုပ်ခံ ကျွန်ဘဝမှလွတ်မြောက်ရေးအတွက် ရရာလက်နက်ကိုင်စွဲ၍ တိုက်ပွဲဝင်ခဲ့ကြသည်။ အထူးသဖြင့် လူငယ်တို့က ဇာတိသွေး၊ ဇာတိမာန်ထက်သန်ပြည့်ဝစွာဖြင့် နယ်ချဲ့ကို တွန်းလှန်ခဲ့ကြသည်။ အဆင့်ဆင့်၊ အဆက်ဆက် အသက်များ စတေးခဲ့ကြသည်။ ယင်းသမိုင်းဖြစ်ရပ်များသည် အာဇာနည်စိတ်ဓာတ်နှင့် တိုင်းပြည်အတွက် လူငယ်များကြိုးပမ်းခဲ့ပုံကို မီးမောင်းထိုးပြသကဲ့သို့ ရှိနေပါသည်။

ဗိုလ်ချုပ်နှင့်တကွ ရဲဘော်သုံးကျိပ်ဝင်များက နယ်ချဲ့ကို မြန်မာ့မြေမှ မောင်းထုတ်နိုင်ရန် ဂျပန်တွင် စစ်ပညာသင်ယူခဲ့ကြသည်။ မြန်မာ့လွတ်မြောက်ရေးတပ်မတော်၊ မြန်မာ့တပ်မတော်ကို တိုင်းချစ်ပြည်ချစ် လူငယ်များနှင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထိုမြန်မာ့တပ်မတော်သည် လွတ်လပ်ရေးအတွက် နိုင်ငံရေးနည်းနာများနှင့် လူထုလှုပ်ရှားမှုအသွင်ဖြစ်အောင် တပ်လှန့်နှိုးဆော်ဆောင်ရွက်နိုင်ခဲ့သည်။

ဗိုလ်ချုပ်နှင့် ခေါင်းဆောင်များက မိမိတို့၏ အသက်သည် တိုင်းပြည်အတွက်၊ မိမိတို့၏ ခန္ဓာသည် ပြည်သူ့အတွက်၊ မိမိတို့၏ဘဝသည် လွတ်လပ်ရေးအတွက်ဟု ဆုံးဖြတ်ခံယူကာ မနားမနေ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ထို့ကြောင့်လည်း ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် နယ်ချဲ့တို့၏ အရှိုက်ကိုထိစေမည့် ပင်လုံစာချုပ်ကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့ပါသည်။ ထိုစာချုပ်က တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးတို့၏ သွေးစည်းညီညွတ်မှုကို အထင်အရှား သက်သေပြနိုင်ခဲ့ပြီး နယ်ချဲ့တို့အနေဖြင့် မြန်မာနိုင်ငံအား လွတ်လပ်ရေး မပေး၍ မရတော့သည့်အခြေအနေသို့ ဆိုက်ရောက်စေခဲ့သည်။

ဗိုလ်ချုပ်နှင့်တကွ ခေါင်းဆောင်ကြီးများက လွတ်လပ်ရေးဗိမာန်ကြီးကို တည်ဆောက်ရန် အခိုင်အမာ အုတ်မြစ်ချနိုင်ခဲ့လေသည်။ တစ်နှစ်အတွင်း လွတ်လပ်ရေးရရှိရန် ဗိုလ်ချုပ်ကိုယ်တိုင် အင်္ဂလန်သို့သွား၍ အင်္ဂလိပ်နန်းရင်းဝန် မစ္စတာအက်တလီနှင့် တွေ့ဆုံဆွေးနွေးပြီး အောင်ဆန်း - အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့သည်။ သို့သော် မြန်မာပြည်ကို လွတ်လပ်ရေးပေးရန် တွန့်တိုနေသောနယ်ချဲ့တို့က ပရိယာယ်အလီလီနှင့် ကြံစည်ယုတ်မာခဲ့ကြသည်။ မစားရသည့်အမဲ သဲနှင့်ပက်သည့်အကြံနှင့် ဗိုလ်ချုပ်နှင့် ခေါင်းဆောင်ကြီးများကို လုပ်ကြံသတ်ဖြတ်ရန် အစီအစဉ်ဆွဲခဲ့သည်။ သူတို့ခိုင်းစေသည့်အတိုင်း လုပ်ကိုင်မည့် နယ်ချဲ့လက်ပါးစေ ဂဠုန်ဦးစောကိုမက်လုံးပေး၍ ဗိုလ်ချုပ်တို့ကို လုပ်ကြံစေခဲ့သည်။ ထို့ကြောင့် ဇူလိုင်လ ၁၉ ရက်နေ့၌ ဗိုလ်ချုပ်တို့ အတွင်းဝန်ရုံးတွင် အစည်းအဝေးလုပ်နေစဉ် ဂဠုန်ဦးစော၏ နောက်လိုက်များက ဝင်ရောက်ပစ်ခတ်လုပ်ကြံသတ်ဖြတ်သဖြင့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ကျဆုံးခဲ့ကြရသည်။ အာဏာကို ဖြတ်လမ်းမှလုယက်ရန် ကြံစည်ကြိုးစားခဲ့သော ဂဠုန်ဦးစောသည်လည်း ပြစ်ဒဏ်အဖြစ် သေဒဏ်ပေးခြင်းခံရသည်။ မြန်မာပြည်ကား လွတ်လပ်ရေးပန်းတိုင်သို့ အရောက်ချီတက်နိုင်ခဲ့သည်။

ဖော်ပြခဲ့သော သမိုင်းဖြစ်ရပ်များကို လေ့လာသုံးသပ်ကြည့်လျှင် နယ်ချဲ့တို့၏ ကောက်ကျစ်သော ဉာဏ်နီဉာဏ်နက်များ၊ မြှောက်ထိုးပင့်ကော်လုပ်မှုများ၊ မိမိလူမျိုးအချင်းချင်းအား အိမ်ကြက်ချင်း အိုးမဲသုတ်၍ တိုက်ပေးသလို လုပ်ရပ်များကို တွေ့ရမည်ဖြစ်သည်။ နယ်ချဲ့တို့၏ လုပ်ရပ်များသည် ခေတ်စနစ်များ ပြောင်းလဲခဲ့စေကာမူ ယနေ့ခေတ်အခါတွင် အနောက်နိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှု၊ တပည့်မွေးစေခိုင်းမှုများက အသွင်သဏ္ဌာန်ပုံစံသာ ကွဲပြားချင်ကွဲပြားမည်။ အနှစ်သာရကမူ အတူတူပင်ဖြစ်သည်။ ယနေ့လူငယ်တို့သည် သမိုင်းမှန်ကို သိရှိရန်လိုအပ်သကဲ့သို့ တိုင်းတစ်ပါး၏ သွေးထိုးလှုံ့ဆော်မှုပုံစံအမျိုးမျိုးကို အသိပညာဉာဏ်ပါသော မျက်စိ၊ နား၊ ဦးနှောက်တို့နှင့် မြင်နိုင်၊ ကြားနိုင်၊ တွေးတောဆင်ခြင်နိုင်အောင် ကြိုးစားရမည်။ အချင်းချင်း မသင့်မမြတ်ဖြစ်ကာ ပြည်တွင်းစစ်မီးမွှေးပေးရေးသည် ခေတ်သစ်နယ်ချဲ့တို့၏ ပရိယာယ်ဖြစ်ကြောင်း သိသင့်သည်။

## မက်လုံးများပေး၍ ဥပဒေကိုချိုးဖောက်ရန်စေခိုင်း

လူငယ်များ အတွေးမှား၊ အမြင်မှားဖြင့် လုပ်ရပ်အမှားများ ကျူးလွန်လာအောင် အယောင်ပြမက်လုံးများပေး၍ ဥပဒေကိုချိုးဖောက်ရန်စေခိုင်းမှုများကို ပညာဉာဏ်ဖြင့် ချင့်ချိန်သင့်ပါသည်။ သမိုင်းကြောင်းကို နားမလည်၍ တွေးခေါ်ချင့်ချိန်နိုင်မှုအားနည်းသော လူငယ်အချို့ကို အမျိုးမျိုးစည်းရုံးသိမ်းသွင်းလျက် နိုင်ငံတော်ဥပဒေကို ပုန်ကန်ခြားနားစေကာ အာဇာနည်များဟု ကင်ပွန်းတပ်မြှောက်ပင့်ပေးမှုများသည် အတုအယောင်သာဖြစ်ကြောင်း သိနားလည်သင့်ကြသည်။ အမိနိုင်ငံအတွက်၊ အမိလူမျိုးအတွက် ကြိုးပမ်းဆောင်ရွက်ရမည့် လူငယ်များက အသိမှန်၊ အမြင်မှန်နှင့် ယှဉ်တွဲဆောင်ရွက်နိုင်မှသာ တိုင်းပြည်နှင့် ပြည်သူတို့၏ အာဇာနည်များ ဖြစ်လာကြမည်ဧကန်ပင်။

လူငယ်များ၏ မူလစိတ်ရင်းသည် အမှန်တရားကို မြတ်နိုးသည်။ စူးစမ်းလိုစိတ်ပြင်းပြသည်။ စွန့်စားလိုစိတ်ဖြင့် မြူးကြွနေသည်။ ရဲရင့်သွက်လက်ထက်မြက်လျက်ရှိသည်။ လူငယ်များသည် အနာဂတ်နိုင်ငံတော်တာဝန်ကို နောင်တစ်ချိန်တွင် ပခုံးပြောင်းတာဝန်ယူမည့်သူများဖြစ်ရာ အနာဂတ်နိုင်ငံတော်ကြီး အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသည် ယနေ့လူငယ်များ၏ မျိုးချစ်စိတ်အပေါ်တွင် များစွာတည်မှီနေပါသည်။ မျိုးချစ်စိတ်ရှိသော လူငယ်များကသာ တိုင်းပြည်နှင့် လူမျိုးတိုးတက်ရေး၊ လွတ်လပ်ရေး အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲရေးကို ကြိုးပမ်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

လွတ်လပ်ရေးကို လူငယ်ခေါင်းဆောင်များက ကြိုးပမ်းရယူပေးနိုင်ခဲ့သည့်အပြင် လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်ကာကွယ်ရေးနှင့် လွတ်လပ်ရေး ထိန်းသိမ်းရေးတာဝန်များကို လူငယ်များကပင် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းတာဝန်ယူခဲ့ကြသည်။ ဤသို့ အသက်သွေးချွေးများစွာ စတေးပေးဆပ်၍ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ခြင်းကြောင့် ကမ္ဘာ့မြေပုံတွင် မြန်မာဟူသော နယ်နိမိတ်တစ်ခု အထင်အရှားရှိနေခြင်းပင်ဖြစ်သည်။ ထိုနယ်နိမိတ်ကို ဆက်လက်တည်မြဲခိုင်ခံ့စေရန်၊ အမိမြေကို တစ်လက်မမျှပင် ကျူးကျော်မခံရစေရန် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးသည် ယနေ့လူငယ်များ၏ တာဝန်ဖြစ်ပါသည်။

## နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အလေးထားဆောင်ရွက်

**မကြာသေးမီက ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြု၍ လူငယ်များကို နှစ်အကန့်အသတ်ဖြင့် စစ်မှုထမ်းရန်ခေါ်ယူပြီး သင်တန်းဖွင့်လှစ်ကာ စစ်ပညာများ သင်ကြားဆောင်ရွက်ပေးနေပြီဖြစ်သည်။ ဤသို့ ဆောင်ရွက်ပေးခြင်းသည် လူငယ်များတိုင်းချစ်၊ ပြည်ချစ်စိတ်ဓာတ်ခိုင်မာ၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အလေးထား ဆောင်ရွက်တတ်စေရန်ဖြစ်ပါသည်။ လူငယ်များ စစ်မှုထမ်းသဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများမှာ များပြားလှပါသည်။ နိုင်ငံ့သားကောင်းတစ်ယောက်အနေဖြင့် နိုင်ငံ့တာဝန်ကို ကျေပွန်ခြင်း၊ တပ်မတော်၏ မူဝါဒများကို နားလည်ပြီး တပ်မတော်သားများအပေါ် စာနာနားလည်နိုင်ခြင်း၊ လူနှင့် လူ့အဖွဲ့အစည်းကို ခွဲခြားသိမြင်ခြင်း၊ ခေါင်းဆောင်မှုနှင့်အတူ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ စီမံခန့်ခွဲတတ်ခြင်းနှင့် စည်းကမ်းလိုက်နာတတ်ခြင်း စသောပညာရပ်များက လူငယ်ထုအတွင်း ကိုယ်ရည်ကိုယ်သွေးအဖြစ် ဖြစ်တည်သွားမည်ဖြစ်ပါသည်။**

ထို့ပြင် တပ်မတော် ရှေးရှုသွားနေသောလမ်းကြောင်းကို သိသွားကြမည်။ တပ်မတော်သားတစ်ဦး၏ တန်ဖိုး၊ တပ်မတော်အဖွဲ့အစည်း၏တန်ဖိုးတို့ကိုသိရှိကာ စစ်ဘက် - အရပ်ဘက် ဆက်ဆံရေး ပြေလည်သွားပြီး နောင်ဆယ်စုနှစ်တစ်ခုအတွင်း တပ်မတော်နှင့် ပြည်သူတစ်သားတည်း ဖြစ်သွားပေလိမ့်မည်။

အကြမ်းဖက်သောင်းကျန်းသူများက ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးစေရန်နှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားသည့်လုပ်ရပ်များ ပြုလုပ်လျက်ရှိသည်။ ထိုလုပ်ရပ်များကို တားဆီးဖြိုဖျက်ရန် နိုင်ငံသားလူငယ်တိုင်းက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပါသည်။ ထိုတာဝန်ကို ကျေပွန်ရန် တိုင်းပြည်အတွင်းရှိ လူငယ်စွမ်းအားစုများ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် တစ်ခုတည်းသောနည်းလမ်းမှာ အမျိုးသားစစ်မှုထမ်းစနစ် (National Service)ပင် ဖြစ်သည်။ ထိုအမျိုးသားစစ်မှုထမ်းစနစ်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီဖြင့် ရေရှည်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့် လူငယ်နိုင်ငံသားတိုင်းသည် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို အစဉ်အမြဲ ကာကွယ်စောင့်ရှောက်နိုင်ရန် တပ်မတော်ကို အားဖြည့်ကူညီသည့် ပြည်သူ့စစ်မှုထမ်းခြင်းကို ပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံသားကောင်းတို့၏ တာဝန်ကို ကျေပွန်ကြရပါမည်။

နိုင်ငံတစ်နိုင်ငံကို နိုင်ငံသားများ၏ မျိုးချစ်စိတ်ဖြင့်သာ တည်ဆောက်နိုင်သည်။ မျိုးချစ်စိတ်မရှိသူသည် နိုင်ငံ၏ အမှိုက်သရိုက်ပင်ဖြစ်ပါသည်။ ထို **“အမှိုက်မှစ၍ ပြာသာဒ်မီးလောင်”** နိုင်ပါသည်။ မျိုးချစ်စိတ်ရှိသူမှာ နိုင်ငံတော်အတွက် မြတ်လှသော အမြုတေရတနာပင် ဖြစ်ပါသည်။ သို့ဖြစ်ရာ လူငယ်များသည် အမေကျော် ထွေးတော်မလွမ်းဘဲ နိုင်ငံတော်လွတ်လပ်ရေး၊ ယဉ်ကျေးမှုနှင့် အမျိုးဘာသာသာသနာကို ထိန်းသိမ်းကာကွယ်ရန် အာဇာနည်မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်သူများဖြစ်အောင် ကြိုးပမ်းသွားရမည်ဖြစ်ပေသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)ဧည့်ခန်းမ ဆောင်၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

**ဆွေးနွေး**

တွေ့ဆုံစဉ် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း ဆက်လက်အကောင်အထည်ဖော်နေမှုနှင့် စပ်လျဉ်း၍ လေသန့်စင်အလုပ်ရုံ စမ်းသပ်လည်ပတ်နိုင်ရေးအတွက် ရုရှားပညာရှင်များမှ စက်ပစ္စည်းကိရိယာများကို စစ်ဆေးပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သံမြေမှ Romelt နည်းပညာဖြင့် သံစိမ်းများထုတ်လုပ်နိုင်ရေးအတွက် National University of Science and Technology (MiSiS) မှ နည်းပညာဆိုင်ရာ ပံ့ပိုးပေးရေးကိစ္စရပ်များ၊ စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဖြေရှင်းသဘောတူညီချက်စာချုပ်အား TPE ကုမ္ပဏီလီမိတက်မှ သဘောတူ လက်မှတ်ရေးထိုးရေးကိစ္စရပ်များ၊ စီမံကိန်းလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် TPE ကုမ္ပဏီလီမိတက်နှင့် စဉ်ဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်နေမှု၊ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းသည် ရုရှား-မြန်မာ နှစ်နိုင်ငံလုံး၏ အရေးကြီးသော စီမံကိန်းဖြစ်သည့်အတွက် အောင်မြင်စွာ ဆောင်ရွက်သွားမည့်နည်းလမ်းများကို အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲတွင် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Iunak၊ တတိယအတွင်းဝန် Mr. Vladislav Zaitaev၊ သံအရာရှိ Ms. Anastasia Solovieva တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တွံတေးမြို့နယ်နှင့် ဒလမြို့နယ်တို့တွင် မြန်မာအီလက်ထရောနစ် မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်နှင့် ဒလမြို့နယ်တို့တွင် မြန်မာအီလက် ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ် အသုံးပြုခြင်းဆိုင်ရာ သင်တန်း သင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။

**လှည့်လည်ကြည့်ရှု**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့သည် တွံတေးမြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ သင်တန်းသား သင်တန်းသူ ၁၀၅ ဦး တက်ရောက်သင်ကြားနေမှုနှင့် ဒလမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိဇေယျ အနော်ရထာခန်းမ၌ သင်တန်းသား သင်တန်းသူ ၁၄၀ တက်ရောက် သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။



အဆိုပါ သင်တန်းကို ဇူလိုင် ၁၄ ရက်မှ ၁၅ ရက်အထိ နှစ်ရက်သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အီလက်ထရောနစ်မဲပေးစက်များ စစ်ဆေးခြင်း၊ ရွေးကောက်ပွဲနေ့မတိုင်မီ မဲရုံတွင် မဲပေးစက်များ ကြိုတင်ပြင်ဆင်ခြင်းနှင့် စမ်းသပ်ခြင်း၊ ရွေးကောက်ပွဲ ကျင်းပမည့်နေ့တွင် စမ်းသပ်မဲပေးခြင်း၊ ကြိုတင်ပြင်ဆင်စမ်းသပ်ခြင်းများ၊ ရွေးကောက်ပွဲ နေ့တွင် စမ်းသပ်မဲပေးခြင်း၊ အရန်စက်လဲလှယ်ခြင်း၊ မဲရေတွက်ခြင်း၊ အရေးပေါ်ကိစ္စရပ်များ ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ အသုံးပြုရမည့် ပုံစံများ ရှင်းလင်းခြင်းတို့ကို သင်တန်းသား သင်တန်းသူများအား လက်တွေ့ကိုင်တွယ် လေ့ကျင့်စေခြင်း စသည့် လုပ်ငန်းစဉ်များကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်-ပုသိမ်လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာ လူသွားပလက်ဖောင်းဆောင်ရွက်နေမှု၊ လူသွားပလက်ဖောင်း ဆောင်ရွက်ရာတွင် ပလက်ဖောင်းနှင့် မလွတ်ကင်းသည့် လျှပ်စစ်မီးတိုင်များ ပြောင်းရွှေ့နေမှုနှင့် ဆက်လက်ပြောင်းရွှေ့ ဆောင်ရွက်မည့်နေရာများ၊ လမ်းဘေး ဝဲ/ယာ ရေးစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုနှင့် သောင်ကြားချောင်း ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တွံတေးမြို့နယ် တလုတ္တော်ကျေးရွာအုပ်စု မူးလမန်းကျေးရွာတွင် တွံတေးတူးမြောင်းမှ တွံတေးမွေးမြူရေးဇုန်သို့ ဆိုလာစနစ်သုံး ရေတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**

# စေတုတ္တရာမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**စေတုတ္တရာ ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာ ကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် စေတုတ္တရာမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "အလှဆုံးပန်းများပွင့်ကြပြီ" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းထက်အောင်က အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အတွင်း ထည့်သွင်းကျင်းပသော အခြေခံပညာ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ဆုရရှိသူများနှင့် "အမြဲမပြတ် လေ့လာသင်ယူရေးစကားဝိုင်း" Never Stop Learning Talk Show တွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများနှင့်ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်ပြပွဲနှင့် လုပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြဘုတ်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဟိုပုံးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**ဟိုပုံး ဇူလိုင် ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

**ကွင်းဆင်းစစ်ဆေး**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ အရည်အသွေးစစ်ဆေးရေးအဖွဲ့နှင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီများမှ တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ် ရန်ပုံငွေကျပ် ၅၉ ဒသမ ၄၀၀၀ သန်းဖြင့် ဆောင်ရွက်သည့် ဟိုပုံးမြို့နယ်စံဖူးကျေးရွာ ဆေးပေးခန်းသို့သွားသော ပေ ၂၀ ကျောက်ရိုးစီကမ်းကပ်ခုံ၊ သံကူကွန်ကရစ်ကြမ်းခင်း တံတားတစ်စင်း တည်ဆောက်နေမှုကိုလည်းကောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၇၅ ဒသမ ၈၇၀၀ သန်းဖြင့် ဆောင်ရွက်သည့် ဟိုပုံးမြို့နယ် လိုက်ကန်-ပန်လျှမ်းမြေသားလမ်း ဖောက်လုပ်ခြင်း (၁/၀.၈)မိုင် လမ်းအရှည် ၁ ဒသမ ၇၆၁ ကီလိုမီတာအား အကျယ်ပေ ၃၀၊ ဒုလေးလက်မအား လမ်းတာချဲ့၍ အပွန်းခံလွှာ ခင်းခြင်းလုပ်ငန်းများကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



# ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ လိုင်စင်ပါစည်းကမ်းချက်များ၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်မှုမရှိသည့် ကုမ္ပဏီများကို အရေးယူမှုများ ပြုလုပ်သွားမည်

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ် (၂)၊ နေပြည်တော်**

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူများက ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများ၊ လိုင်စင်ပါစည်းကမ်းချက်များ ၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်မှုမရှိခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူမှုများ ပြုလုပ်သွားမည် ဖြစ်ပါသည်။

၂။ အောက်ဖော်ပြပါကုမ္ပဏီများသည် ဆက်သွယ်ရေးဥပဒေပုဒ်မ ၁၅ အရ လိုင်စင်ရရှိသူများ လိုက်နာဆောင်ရွက်ရမည့် တာဝန်များအား လိုက်နာရန် ပျက်ကွက်ခြင်း၊ လိုင်စင်စည်းကမ်းချက်များအရ ပေးပို့တင်ပြရမည့် လုပ်ငန်းဆောင်ရွက်ထားရှိမှု သုံးလပတ်အစီရင်ခံစာ ပေးပို့တင်ပြမှုမရှိခြင်း၊ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေ အပိုဒ် ၂၄ (က) (၃) အရ ပေးဆောင်ရမည့် သက်ဆိုင်သောဝင်ငွေ၏ ရာခိုင်နှုန်းကိုအခြေခံသည့် နှစ်စဉ်ကြေးများအား ပေးဆောင်မှုမရှိခြင်းတို့အတွက် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ အပိုဒ် ၄၁ (၄) နှင့်အညီ လိုင်စင်ကို ပယ်ဖျက်သွားမည်ဖြစ်ပါ၍ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ အပိုဒ် ၃၉ (က) (၂) အရ ထိုက်သင့်သော အခွင့်အရေးပေးသည့်အနေဖြင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ **(၂၅) ရက်နေ့** နောက်ဆုံးထား၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ဖြေရှင်းချက်နှင့်အတူ ပေးဆောင်ရမည့် သက်ဆိုင်ရာအခကြေးငွေများကို လာရောက်ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလအထိ ဖြေရှင်းတင်ပြလာခြင်းမရှိပါက လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများအပိုဒ် ၄၁ (၄) နှင့်အညီ လိုင်စင်ကို ပယ်ဖျက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်-

| စဉ် | ကုမ္ပဏီအမည် | လိုင်စင်အမျိုးအစား | လိုင်စင်ရရှိသည့်ရက် |
|---|---|---|---|
| (က) | Everlasting Rainbow Construction Co., Ltd | NFS(I) | ၃-၈-၂၀၁၈ |
| ( ခ ) | Myanmar Golden 11 Investment Internatio-nal Co., Ltd | NFS(C) နှင့် AS | ၃-၆-၂၀၁၅ နှင့် ၂၄-၁၂-၂၀၁၅ |
| ( ဂ ) | Tai Telecom Development (TTD) Co., Ltd | NFS(C) နှင့် AS | ၁၈-၅-၂၀၁၆ |
| (ဃ) | VNG Myanmar Co., Ltd | AS | ၂၄-၉-၂၀၁၉ |

၃။ အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၇၄၇၉ သို့ လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

## မန္တလေးလျှောင်ကြီး ဘေးသင့်အာမခံအလုပ်သမားများ သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းနှင့် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

**မန္တလေး ဇူလိုင် ၁၆**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ မန္တလေးလျှောင်ဘေးသင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစု ထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းနှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လူမှုဖူလုံရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးမှ တာဝန်ရှိသူများ၊ လျှောင်ဘေးသင့် အလုပ်ဌာနများမှ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ယနေ့အခမ်းအနားတွင် အင်အားပြင်း မန္တလေးလျှောင်ကြီးဘေးသင့်ခံခဲ့ရသော အာမခံအလုပ်သမားများအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကိုမန္တလေးတိုင်းဒေသကြီးအတွင်း အကျုံးဝင်မှတ်ပုံတင်ထားသည့် အလုပ်ဌာန ၇၃၉၅ ဌာနရှိ အာမခံအလုပ်သမား ၁၂၅၆၇၃ ဦးအနက် စိစစ်ပြီး အာမခံအလုပ်သမား ၁၁၈၇၀ ကို ငွေကျပ် ၉၆၈ ဒသမ ၁၈၁ သန်းနှင့် အလုပ်လုပ်ကိုင်နေစဉ် လျှောင်လှုပ်ခတ်မှုကြောင့် လုပ်ငန်းခွင်ထိခိုက် သေဆုံးခဲ့သူ အာမခံအလုပ်သမား ၁၆ ဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၁၀၃ ဒသမ ၄၇၀ သန်းကို ခွင့်ပြုထုတ်ပေးမည်ဖြစ်ကြောင်း။




မိသားစုထောက်ပံ့မှုအာမခံစနစ်ပါ သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာသင်စရိတ်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Online Payment System နှင့်အညီ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ပုဂ္ဂလိကဘဏ်များသို့ Digital Payment System ဖြင့် KBZ Pay၊ AYA Pay ၊ Wave Pay၊ UAB Pay၊ Mytel Pay တို့မှတစ်ဆင့် အာမခံအလုပ်သမားများ လက်ဝယ်အရောက် စနစ်တကျ လွယ်ကူမြန်ဆန်စွာရောက်ရှိစေရေး လွှဲပြောင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ထံသို့ အာမခံအလုပ်သမား ၁၁၈၇၀ အတွက် လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းအတွက် ငွေကျပ် ၉၆၈ ဒသမ ၁၈၁ သန်းကို လွှဲပြောင်းပေးအပ်ခြင်းနှင့် မန္တလေးလျှောင်ဒဏ်ကြောင့် လုပ်ငန်းခွင်အတွင်း သေဆုံးခဲ့သူ ၁၆ ဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေကျပ် ၁၀၃ ဒသမ ၄၇၀ သန်း တို့ကို ကျန်ရစ်သူမိသားစုများနှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လူမှုဖူလုံရေးအဖွဲ့မှ Mobile Medical Unit (MMU) ဖြင့် အာမခံအလုပ်သမားများအား ဆေးကုသဝန်ဆောင်မှုပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးအလုပ်သမားဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကောင်းမွန်သည့် ဆေးကုသမှုဝန်ဆောင်မှုကို ဆောင်ရွက်ပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်အားပြင်းမန္တလေးလျှောင်ကြီးဒဏ်ခံခဲ့ရသည့်နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေ ကြီးကြပ်မှုဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

အင်အားပြင်းမန္တလေး လျှောင်ကြီးဒဏ်ခံခဲ့ရသည့်နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၌ ကျင်းပရာ ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော် ကောင်စီ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့မှ ဝန်ကြီးချုပ်များနှင့် စီးပွားရေးရာ ဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘဏ်များအသင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဇူလိုင် ၇ ရက်တွင် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီကိုလည်းကောင်း၊ ဇူလိုင် ၁၁ ရက်တွင် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ကိုလည်းကောင်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ ရန်ပုံငွေထူထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ လျှောင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသော စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရန်၊ ပြည်သူများ၏ အိုးအိမ်များ ပြန်လည်ထူထောင်ရန်နှင့် နေထိုင်မှုအဆင်ပြေစေရန် သက်သာသောအတိုးနှုန်းဖြင့် တစ်ဖက်တစ်လမ်းမှ ချေးငွေပံ့ပိုးပေးနိုင်ရန်၊ လျှောင်ဒဏ်ပြန်လည်ထူထောင်ရေး ကိစ္စရပ်များအတွက် အထူးချေးငွေအစီအစဉ်တွင် ပါဝင်သည့် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများမှတစ်ဆင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ ပံ့ပိုးမှုတို့ဖြင့် ရန်ပုံငွေအား စုစုပေါင်း ငွေကျပ်ဘီလီယံ ၇၀၀ ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အဆောက်အအုံနှင့် နေအိမ်များ ပြန်လည်တည်ဆောက် မွမ်းမံရေးအတွက် အတိုးနှုန်း ၃ ရာခိုင်နှုန်း၊ MSME များ၏ လုပ်ငန်းလည်ပတ်ရင်းနှီးငွေ (Working Capital) နှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအတွက် အတိုးနှုန်း ၅ ရာခိုင်နှုန်း၊ စက်ရုံလုပ်ငန်းကြီးများ၏ စက်ယန္တရားများနှင့် ရင်းနှီးမြှုပ်နှံမှုစရိတ်အတွက် အတိုးနှုန်း ၇ ရာခိုင်နှုန်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များအတွက် ယာယီချေးငွေ (Bridging Loan) အတွက် အတိုးနှုန်း ၇ ရာခိုင်နှုန်းတို့ဖြင့် ထုတ်ချေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ရန်ပုံငွေဖြင့် ထုတ်ချေးသည့်အတွက် ဆုံးရှုံးနိုင်ခြေမရှိအောင် ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။





ဆက်လက်၍ အစည်းအဝေး တက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ ရန်ပုံငွေကြီးကြပ်မှု ဗဟိုကော်မတီအဖွဲ့ဝင်များက နိုင်ငံတော်က လက်ရှိပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ဆွေးနွေးပြီး ယခုဆောင်ရွက်ပေးမည့် ချေးငွေအစီအစဉ်တွင် ဦးစားပေးထုတ်ချေးလိုသည့်ကဏ္ဍများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခဲ့ကြကာ မြန်မာနိုင်ငံဘဏ်များ အသင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများကလည်း နိုင်ငံတော်က ချမှတ်ထားသော မူဝါဒ၊ စံသတ်မှတ်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

ယင်းနောက် ရန်ပုံငွေကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌက တက်ရောက်လာသူများ၏ ဆွေးနွေးအကြံပြုချက်များအရ ဦးစားပေးကဏ္ဍများအနေဖြင့် MSME လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ ပုဂ္ဂလိကဆေးရုံများနှင့် ပုဂ္ဂလိကစာသင်ကျောင်းများ၊ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူများ၏ပျက်စီးသွားသော လူနေအိမ်များအား ပြန်လည်တည်ဆောက်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများသို့ သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများ အမြန်ဆုံး ထုတ်ချေးသွားနိုင်ရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါက်ဖော်ဟု ကျွန်ုပ်ကြားသည်

❖ ကျွန်ုပ်ဆို၏၊
ဧရာဝတီမြစ်
ရှည်လျားကျယ်ပြန့်စွာ စီးဆင်းနေ၊
နှစ်ပေါင်းများစွာထက် ပိုမိုရှည်လျား၊
အိပ်မက်များထက် ပိုနက်ရှိုင်း၊
သို့သော်ငြား တို့ညီအစ်ကိုတွေနံဘေးက
ဧရာဝတီ ဘယ်တော့မှ မသွေဖည်လေ။
❖ သင်ဆို၏၊
ယန်စီမြစ် လှိုင်းလုံးများ
ပြန်လည်တုံ့ပြန်သံကို ကျွန်ုပ်ကြား၊
သင်၏နှုတ်ခွန်းဆက်သံသည်
မြစ်ကြောင်းတစ်လျှောက် ပဲ့တင်ထပ်နေ၊
ကျွန်ုပ်နှင့် သင် တစ်လှမ်းချင်းစီ
ချီတက်ကြသည့်နေရာမှာလေ။
❖ ကျွန်ုပ်ဆို၏၊
စေတီခေါင်းလောင်းသံများ မြည်ဟိန်းသံ
ကြည်လင်ပြတ်သား၊
သမိုင်း၏ သိမ်မွေ့သော ရေရွတ်သံများ၊
နှစ်ထောင်ပေါင်းများစွာသော
ချစ်ကြည်ရေး၏ သက်ပြင်းချသံ။
❖ သင်ဆို၏၊
မြန်မာ့စေတီများ ရွှေရောင်ဝင်းပနေစဉ်၊
ဟွမ်ရှန် တိမ်ပင်လယ်လည်း ပွင့်လန်းလာ၊
တောင်များနှင့် ပင်လယ်များ၏
ပွင့်အံလာသော ရင်တွင်းစကား။
❖ ကျွန်ုပ်ဆို၏၊
အရုဏ်ဦး နေရောင်လွှမ်း ဦးပိန်တံတား၊
မုန်တိုင်းများနှင့် ဝန်များကို
သန်မာသောပခုံးများပေါ်တွင် ထမ်း၍ထားမြဲ၊
မြန်မာ–တရုတ် ပိုက်လိုင်းတွေအလား
တောတောင်အထပ်ထပ်ကျော်ဖြတ်ကာ
ယနေ့တိုင် တောက်ပနေဆဲ။
❖ သင်ဆို၏၊
ကျွန်ုပ်တို့ တည်ဆောက်ကြတာ
စွမ်းအင်လမ်းကြောင်းတစ်ခုတည်းမက
မျှော်လင့်ခြင်းလမ်းကြောင်းများ၊
ယုံကြည်မှုတံတားများ၊
အဲသည် တသွင်သွင်စီးဆင်းမှုတိုင်းက
ပေါက်ဖော်၏ သရုပ်သကန်ကို ပြောပြနေကြ။
❖ ကျွန်ုပ်ဆို၏၊
ပေါက်ဖော်ဆိုသည်မှာ စကားအဖြစ်
ကျွန်ုပ်တို့ပြောရုံသက်သက်မဟုတ်၊
ယုံကြည်ခြင်း၏ အုတ်မြစ်များ၊
ခိုင်မြဲစွာ ထိန်းထားသော ရက်မတန်းများ၊
မုန်တိုင်းများကို ဖြတ်ကျော်၍ အတူမျှဝေသော
ရွှက်လွှင့်ခြင်းများ၊ အဝေးကောင်းကင်များကို
အတူတကွမျှဝေခြင်းများ။
❖ သင်ဆို၏၊
ငါသည် ငြိမ်းချမ်းရေးကို ယုံကြည်၏၊
အကြင်နာစစ်စစ်ကို ယုံကြည်၏၊
ကချင်မြေတွင် စိုက်ပျိုးထားသော
သစ်ပင်ပေါက်သည်၊
ပေကျင်းမှ မိုးမခပင်များ ပေါက်နေသည့်
လေထဲတွင်လည်း ယိမ်းနွဲ့နေ၏။
❖ ကျွန်ုပ်ဆို၏၊
တစ်ဦးကို တစ်ဦးမမေ့ကြသလို၊
နယ်နိမိတ်များ မည်မျှကျယ်ပြန့်ပါစေ၊
တောင်များ မည်မျှပင်ခြားနားနေပါစေ၊
ကျွန်ုပ်၏လက်သည် သင်၏လက်ကို
အစဉ်ထာဝရ မြဲမြံစွာ ဆုပ်ကိုင်ထားသလေ။
❖ သင်ဆို၏၊
ရှမ်းတောင်တန်းများ၏ ရင်ခွင်တွင်
ကျောက်စိမ်းများ တောက်ပနေသည်ကို
ကျွန်ုပ်မြင်ခဲ့ရ၏၊
နှစ်ပေါင်းများစွာ ခြေဗလာဖြင့်
လျှောက်သွားသော ဘုန်းတော်ကြီးများကဲ့သို့၊
သစ်ခွပန်းများကဲ့သို့ တိတ်ဆိတ်စွာဖြင့်ပင်၊
နေရာတိုင်းတွင် ငြိမ်းချမ်းရေးကို
ကြဲဖြန့်ပေးခဲ့။
❖ ဒါဆို ကျွန်ုပ်ပြောမည်။
နှစ်ထောင်ပေါင်းများစွာကစတင်ခဲ့သော
အရာအားလုံးကို
စကားလုံးတစ်လုံးတည်းဖြင့်
ချည်နှောင်၍၊ မဟာတံတိုင်းကြီး၏
ခိုင်မြဲသော၊
ရှေးဟောင်းကျက်သရေတို့နှင့်တကွ
မြစ်ဝါမြစ်၏ စီးဆင်းမှုတို့ကိုပါ
သင့်အား ကျွန်ုပ် အပ်နှင်းမည်၊
သင်က "ပေါက်ဖော်" ဟု ပြောသောအခါ၊
ကျွန်ုပ်ကြားသည်မှာကား
"ဆွေမျိုးသားချင်း ညီရင်းအစ်ကိုတွေ"။

**မိုးတိမ်**



## လှည်းကူးမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

လှည်းကူး ဇူလိုင် ၁၆

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းဦးက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်စမ်းစမ်းအေးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ်(၃၈/၂၀၂၅)ဖြင့် ၂၀၂၅ ခုနှစ် မေ ၁၆ ရက်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း၊ အမည်အဓိပ္ပာယ်၊ ဖော်ပြချက်၊ ရည်ရွယ်ချက်များ၊ ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ဦးစီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များ၊ ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပြစ်မှု၊ ပြစ်ဒဏ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်စမ်းစမ်းအေးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကျိုက်လတ်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကျင်းပ

ကျိုက်လတ် ဇူလိုင် ၁၆

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ယနေ့မွန်းလွဲပိုင်းက Book Club နှင့် စာပေဝါသနာရှင်များ ပူးပေါင်း၍ စာရေးဆရာ ဒေါက်တာတင်ထွန်းဦး ရေးသားသည့် "ဖိစီးမှုရှင်းသောကကင်း" စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီမြင့်က စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် Book Club အဖွဲ့ဝင် ဒေါ်လေးလေးနွယ်က "စိတ်ဖိစီးမှုကြောင့်ဖြစ်နိုင်သော ရောဂါများ"၊ Book Club အဖွဲ့ဝင် ဒေါ်စုစုလင်းက "စိတ်ကြောင့်ဖြစ်သော ရောဂါလက္ခဏာများ" နှင့် Book Club အဖွဲ့ဝင် ဒေါ်ကြည်ကြည်ဆွေက "စိတ်ဖိစီးမှုနှင့် ပန်းနာရင်ကျပ်" ခေါင်းစဉ်တို့ကို ဆွေးနွေးခဲ့ရာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**လှိုင်မင်းအောင်(ပြန်/ဆက်)**





## ပေါင်မြို့နယ် ကဒုံစီးရပ်ကွက်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

ပေါင် ဇူလိုင် ၁၆

မွန်ပြည်နယ် ပေါင်မြို့နယ် ကဒုံစီးရပ်ကွက်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ပေါင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရူခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးကျော်နိုင်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍သထုံခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခွန်ထွန်းထွန်းလှက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မွန်ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်အိကလျာနိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်တို့က သင်ထောက်ကူပစ္စည်းများကို သင်တန်းသူတစ်ဦးချင်းထံ ပေးအပ်ကြသည်။ အဆိုပါသင်တန်းကို သင်တန်းဆရာနှစ်ဦးက သင်တန်းသား ၁၀ ဦးဖြင့် ခုနစ်ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**



နောင်ချိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့ရဲစခန်းအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့နယ် တရားရုံးအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့မဈေးအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့ရှိ ရုပ်/သံ ထပ်ဆင့်လွှင့်စက်ရုံအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့ပြည်သူ့ဆေးရုံအား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



နောင်ချိုမြို့မြန်မာ့စီးပွားရေးဘဏ်အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

☆ **ကျောဖုံးမှ**

ထို့ပြင် တရုတ်-မြန်မာ နယ်စပ်စီးပွားရေး၏ အဓိကလမ်းမကြီးဖြစ်သော မန္တလေး-မူဆယ်လမ်းမကြီး (အမှတ် ၁၄ အာရှလမ်းမကြီး) သည် နောင်ချိုမြို့နယ်အတွင်း အနောက်မှ အရှေ့သို့ဖြတ်သန်းပြီး ပြင်ဦးလွင် - မန္တလေးမှတစ်ဆင့် မြန်မာနိုင်ငံတစ်ဝန်းရှိ အခြားမြို့ရွာများနှင့် ကျောက်မဲမြို့မှတစ်ဆင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ မြို့ရွာများသို့လည်း ဆက်သွယ်သွားလာနိုင်သည့် မြို့ဖြစ်သည်။

ရှမ်း၊ ဓနုနှင့် ဗမာလူမျိုးများ အများဆုံးနေထိုင်ကြကာ ဗုဒ္ဓဘာသာကို အဓိက ကိုးကွယ်ကြပြီး ဘာသာတရားအဆုံးအမနှင့်အညီ အေးချမ်းပျော်ရွှင်စွာ နေထိုင်လျက်ရှိကြသည်။ စိုက်ပျိုးရေးလုပ်ငန်းသည် နောင်ချိုမြို့၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး မွေးမြူရေး၊ ဓာတ်သတ္တု၊ ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ ရေတံခွန်များ၊ ထုံးကျောက်ဂူများ၊ တောတောင်ရှုခင်းအလှများ၊ မတူကွဲပြားသောလူမျိုးစုများ၊ သမိုင်းဝင်နေရာများစွာရှိနေသော နောင်ချိုမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ ခရီးသွားများ များစွာဝင်ရောက်မှုတို့နှင့်အတူ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံများ၏ လူမှုစီးပွားလည်း တိုးတက်စည်ပင်သာယာသည့် အေးချမ်းသည့် မြို့တစ်မြို့ဖြစ်သည်။

ထိုသို့ အေးချမ်းသာယာပြီး တိုးတက်မှုအဟုန်မြင့်မားနေသည့် နောင်ချိုမြို့သို့ TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်မှ စတင်၍ မြို့နှင့် မြို့လုံခြုံရေး ဆောင်ရွက်နေသည့် တပ်ရင်း/တပ်ဖွဲ့၊ ဌာနချုပ်များအား အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြပြီး ဒေသခံပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် ပစ္စည်းများအား အတင်းအဓမ္မ လုယက်ယူဆောင်ခြင်း၊ အစိုးရအုပ်ချုပ်မှုယန္တရား ပျက်ပြားအောင် လုပ်ဆောင်ခဲ့ခြင်းများကြောင့် ကျောင်းသား ကျောင်းသူ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများအပါအဝင် ဒေသခံပြည်သူများသည် ဘေးဒုက္ခကြီးစွာဖြင့် နီးစပ်ရာ မြို့/ရွာများရှိ ဆွေမျိုးများ၏ နေအိမ်များ၊ ယာယီတိုက်ပွဲရှောင်စခန်းများသို့ မိမိတို့၏ တိုက်တာ အိုးအိမ်အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

**ပြန်လည်ခုခံ**

ထိုသို့ သာလွန်အင်အားဖြင့် အလစ်အငိုက်လာရောက်တိုက်ခိုက်မှုကြောင့် နောင်ချိုမြို့ရှိ တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် တပ်မတော်စစ်ကြောင်းများသည် နောင်ချိုမြို့နှင့် မိမိတို့၏ တပ်ရင်းဌာနချုပ်များ၊ ရန်သူ့လက်တွင်းသို့ မကျဆုံးစေရေးအတွက် မိမိတို့၏ အသက်ကို ပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာဖြင့် အပြင်းအထန် ခုခံခဲ့သော်လည်း ထိခိုက်၊ ကျဆုံး၊ ဒဏ်ရာရရှိမှုများပြားလာခြင်းနှင့် ရန်သူမှ အင်အားအဆမတန် များပြားလာခြင်းတို့ကြောင့် ကြားခံစစ် အဆင့်ဆင့်ဖြင့် ခံစစ်ဆင် ဆုတ်ခွာခဲ့ကာ တောင်ခမ်းတပ်နယ်နှင့် ပြင်ဦးလွင်တပ်နယ်တို့ရှိ နယ်မြေခံတပ်များနှင့်ပူးပေါင်း၍ တောင်ခမ်းနှင့် ပြင်ဦးလွင် - နောင်ချိုမြို့နယ် ထိစပ်နေသည့်ဒေသတို့၌ ယာယီခံစစ်ဆင်ကာ အကြမ်းဖက်အဖွဲ့များ၏ တိုက်ခိုက်မှုများကို ပြန်လည်ခုခံခဲ့သည်။

နောင်ချိုမြို့အား ယာယီထိန်းချုပ်ထားရှိပြီး စစ်ရေးလှုပ်ရှားမှု အရှိန်မြှင့်တင်လာသည့် TNLA အဖွဲ့၊ MDY-PDF နှင့် ဓနု PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများသည် ၂၀၂၄ ခုနှစ် ဩဂုတ် ၁၀ ရက်မှစတင်၍ တောင်ခမ်းတပ်နယ် အနီးတစ်ဝိုက်ရှိ ကျေးရွာများ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများအတွင်း ဝင်ရောက်နေရာယူပြီး ရွာသူ ရွာသားများအား လူသားတံတိုင်းသဖွယ် အသုံးပြု၍ တပ်မတော်စစ်ကြောင်းများနှင့် တပ်စခန်းများအား အင်အားအလုံးအရင်းဖြင့် စတင်တိုက်ခိုက်ခဲ့ကြရာ မိမိတပ်များက စစ်ဗျူဟာ အရေးကြီးမြေများတွင် ဖြန့်ခွဲ၍ အသင့်ခံစစ်ပြင်ဆင်ခုခံတိုက်ခိုက်မှုများကြောင့် အလွယ်တကူ ထိုးဖောက်တိုက်ခိုက်နိုင်ခြင်းမရှိဘဲ Drone များ၊ လက်နက်ကြီးများအသုံးပြု၍ တပ်ရင်းဌာနချုပ်များနှင့် တပ်စခန်းများကို တိုက်ခိုက်ခဲ့ပြီး အဖွဲ့ငယ်များခွဲကာ အလစ်အငိုက် တိုက်ခိုက်ခြင်းများ၊ အဓိက အုပ်ချုပ်ထောက်ပံ့မှုများ ဆောင်ရွက်နေသည့် နောင်လင်း - မဲပုတ် - ဈေးကုန်းလမ်း၊ နားရှိုး-ဈေးကုန်းလမ်းဆုံတို့အား ဖြတ်တောက်ပိတ်ဆို့ခြင်း၊ ယာပြင် - အင်းဖို - တောင်ရှည်လမ်းကြောင်းအား ထိုးဖောက်ဝင်ရောက်၍ တောင်ခမ်းရွာနေရာများကို ဖြတ်တောက်ပိတ်ဆို့တိုက်ခိုက်ခြင်း၊ နောင်လင်း-မဲပုတ်-မကျည်းရေ လမ်းကြောင်းမှတစ်ဆင့် တပ်မတော်စခန်းများအား တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ပြင်ဦးလွင်-နောင်ချို ဆက်သွယ်ရေးလမ်းမကြီးပေါ်ရှိ ကျောက်ကြမ်း၊ အုမ္မခါး၊ ရေမောင်းတန်း၊ အုမ္မသီး၊ ဘန့်ဘွေးဒေသနှင့် ပြင်ဦးလွင်-မိုးကုတ်လမ်းကြောင်းပေါ်ရှိ ဟိုခို၊ သံဘို၊ ကျောက်မဲလေးဒေသအထိ တိုးချဲ့တိုက်ခိုက်လာခဲ့သည်။

**စာမျက်နှာ ၁၁ သို့** ❂



နမ့်ဆောင်ဟူးကျောင်းတိုက်အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



တောင်ခမ်းအနီးရှိ ရန်သူ့စခန်းကုန်းအား သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့် လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



ရန်သူ့ထံမှ သိမ်းဆည်းရမိ လက်နက်ခဲယမ်းများ



ရန်သူ့ထံမှ သိမ်းဆည်းရမိ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ



ရန်သူ့ထံမှ သိမ်းဆည်းရမိ လက်နက်ခဲယမ်းများ



ရန်သူ့ထံမှ သိမ်းဆည်းရမိ လက်နက်ခဲယမ်းများ





နောင်ချိုမြို့နယ် မန်မော်ဘုရားကုန်းတွင် အကြမ်းဖက်သောင်းကျန်းသူများက ခံစစ်ပြုလုပ်ထားမှု မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူများက နောင်ချိုမြို့ပြည်သူ့ဆေးရုံ ခွဲစိတ်ခန်းအတွင်းရှိ ပစ္စည်းများအား ဖျက်ဆီးထားမှု မှတ်တမ်းဓာတ်ပုံ။



ဂုတ်တွင်းတံတားအား အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

❂ **စာမျက်နှာ ၁၀ မှ**

ထိုသို့ တိုက်ခိုက်ခြင်းများကြောင့် တောင်ခမ်းဒေသသို့ တပ်မတော်မှ ကွန်မန်ဒိုအဖွဲ့များ၊ စစ်ကူစစ်ကြောင်းများနှင့် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုများအား အမြန်ဆုံး ဖြည့်တင်းဆောင်ရွက်ခဲ့ပြီး လေကြောင်းပစ်ကူ၊ လက်နက်ကြီး ပစ်ကူများ ပူးပေါင်းကာ မြေပြင်/ဝေဟင် ဟန်ချက်ညီပေါင်းစပ်ပြီး မြေပြင်သတင်းဖော်ထုတ်၍ ၂၀၂၄ ခုနှစ် ဩဂုတ် ၂၅ ရက်မှစ၍ အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်ထားသည့် နေရာများသို့ အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter – Terrorism Operation) ဖြင့် တန်ပြန်တိုက်စစ်များ အဆင့်ဆင့်တိုက်ခိုက်ခဲ့ရာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် မကျည်းရေမှတစ်ဆင့် တောင်ခမ်းသို့ ဆက်သွယ်သည့် အုပ်ချုပ်မှုလမ်းကြောင်းများအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ အလားတူ ကျောက်မဲလေးဒေသမှ သံဘိုကျေးရွာအနီးနှင့် ဘန်ဘွေးဒေသမှ ဂန့်ဂေါ – အုမ္မသီးလမ်းခွဲတို့အား တန်ပြန်တိုက်စစ်ဖြင့် ထိန်းချုပ်နိုင်ခဲ့သည်။

**ပြန်လည်ထိန်းချုပ်နိုင်**

တပ်မတော်အနေဖြင့် TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ စိတ်ဓာတ်ရေးရာကို ပြင်းထန်စွာ ရိုက်ချိုးနိုင်ခဲ့ပြီး ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှုကို အပြည့်အဝရရှိလာသည့်အတွက် တပ်မတော်စစ်ကြောင်းများမှ တိုက်ပွဲဝင်အရာရှိ၊ စစ်သည်များသည် စိတ်ဓာတ်ခွန်အား တက်ကြွမှု၊ တိုက်လို ခိုက်လိုစိတ်ပြင်းပြမှုတို့ဖြင့် အောင်မြေချဲ့ထွင်မှုများကို မြေပြင်၊ ဝေဟင် စစ်နည်းဗျူဟာမြောက် အဆင့်ဆင့်ပေါင်းစပ်၍ အကြမ်းဖက်သောင်းကျန်းသူများ ယာယီခံစစ်စခန်း တည်ဆောက်ထားသည့်နေရာများကိုအဆင့်ဆင့် လိုက်လံ တိုက်ခိုက်ချေမှုန်းခဲ့ပြီး နောင်ချိုမြို့အား ပြန်လည်သိမ်းပိုက်ရရှိရေး စစ်ကြောင်းများခွဲ၍ “ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်း” တိုက်ခိုက်ခဲ့ရာ တောင်ခမ်း–ကံကြီး – နောင်ချို လမ်းကြောင်းရှိ နမ့်ဆောင်ဟူး တစ်ဝိုက်အား ၂၀၂၅ ခုနှစ် ဇူလိုင် ၈ ရက်တွင် လည်းကောင်း၊ တောင်ခမ်း–ရွှေသွန်း – ဂုတ်ထိပ် – နောင်ချို လမ်းကြောင်းရှိ ဂုတ်ထိပ်အနီး တစ်ဝိုက်အား ဇူလိုင် ၁၂ ရက်တွင် လည်းကောင်း၊ ပြင်ဦးလွင်–နောင်ချို ပြည်ထောင်စုလမ်းမကြီး တစ်လျှောက်ရှိ အုမ္မသီးလမ်းခွဲမှ အုမ္မခါးကျေးရွာအထိအား ဇွန် ၂၅ ရက်တွင် လည်းကောင်း၊ ကျောက်ကြမ်းနေရာ တစ်ဝိုက်အား ဇူလိုင် ၁၅ ရက်တွင် လည်းကောင်း တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး အောင်မြင်စွာ ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက နောင်ချိုမြို့နှင့်အဆို ပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး အဆင့်ဆင့်ပစ်ကျင်းများတူး၍ ချဉ်းကပ်ခဲ့ပြီး အသက်ကိုပဓာနမထားဘဲ ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ ၁၁ လ အတွင်း အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး အကြိမ် ၂၀၊ ထိတွေ့မှုပေါင်း ၅၆၆ ကြိမ် ဖြစ်ပွားခဲ့ပြီး ထင်ရှားသည့်တိုက်ပွဲများအနေဖြင့် ငုံးမင်းစေတီတိုက်ပွဲ၊ ပွိုင့် ၁၁၃၀တိုက်ပွဲ၊ ဇေတဝန်ဘုရားကုန်းတိုက်ပွဲ၊ မကျည်းရေဘုန်းကြီးကျောင်း တိုက်ပွဲ၊ ထုံးဖိုစုကျေးရွာတိုက်ပွဲ၊ ကမ္ဘောဇဘုန်းကြီးကျောင်းတိုက်ပွဲ၊ နားရှိုးကျေးရွာတိုက်ပွဲ၊ ရွှေစံဖော်ဘုန်းကြီးကျောင်းတိုက်ပွဲ၊ ဆယ်တောင်ပြည့်ဘုရားကုန်းတိုက်ပွဲ၊ မန်မောကျေးရွာတိုက်ပွဲ၊ တောင်ရှည်ကျေးရွာတိုက်ပွဲ၊ ကျောက်ကြမ်းတိုက်ပွဲ၊ နမ့်ဆောင်ဟူးတိုက်ပွဲ၊ မျက်ချင်းနုတိုက်ပွဲ၊ ရွှေပြည်ညွှန့်တိုက်ပွဲ၊ ရွှေသွန်းတိုက်ပွဲ၊ ကုန်းစံတိုက်ပွဲ၊ ဂုတ်ထိပ်တိုက်ပွဲ၊ ပွိုင့်–၁၁၁၈ တိုက်ပွဲများဖြစ်ပြီး ရန်သူ့ထံမှ အလောင်း ၁၇၁ လောင်း၊ လက်နက်မျိုးစုံ ၁၆၆ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများသည် တပ်မတော်စစ်ကြောင်းများ၏ တန်ပြန်ထိုးစစ်အား ဆက်လက်ခုခံနိုင်ခြင်းမရှိတော့ဘဲ ထိခိုက်ကျဆုံးများစွာဖြင့် ကစဉ့်ကလျားဆုတ်ခွာ ထွက်ပြေးသွားခဲ့သဖြင့် ဇူလိုင် ၁၆ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် နောင်ချိုမြို့တစ်မြို့လုံးအား တပ်မတော်က

**စာမျက်နှာ ၁၂ သို့** ❂

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ကျောက်ဖြူမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**စစ်တွေ ဇူလိုင် ၁၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ကျောက်ဖြူမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရှေးဟောင်းသမိုင်းဝင် ပေါ်တော်မူ ကံ့ကော်တောဘုရားအား သွားရောက်ဖူးမြော်ကာ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး ဘုရားကြီးသိမ်တော်ဘက်စုံပြုပြင်မွမ်းမံနိုင်ရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းကြကာ ဂုံးချိန်ကျေးရွာရှိ ၁၃၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံစီမံကိန်း(Power China)ကုမ္ပဏီသို့သွားရောက်ပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဂုံးချိန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။



ယင်းနောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ထောက်ပံ့ချီးမြှင့်သည့် ကျောက်ဖြူခရိုင်အတွင်းရှိ ပညာရေးဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်၍ ကျောင်းစာကြည့်တိုက်နှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်ဖြူမြို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ အားပေးစကားပြောကြားသည်။

ဆက်လက်၍ ကျောက်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျောက်ဖြူမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ဆန်ရိက္ခာနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဒေးဒရဲမြို့နယ်၌ မျိုးစေ့ချပွဲနှင့် သွင်းအားစုများပေးအပ်ပွဲ ကျင်းပ

**ဒေးဒရဲ ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးရာသီ၌ မျိုးစေ့ချကိရိယာအသုံးပြု၍ စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ချောင်းဖျားကျေးရွာ အုပ်စုရှိ တောင်သူ ဦးထွန်းမြင့်အောင်၏ မိုးစပါး စိုက်ပျိုးလယ်မြေတွင် ကျင်းပသည်။

ဆက်လက်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းဖြင့် မြို့နယ်အတွင်းရှိမိုးစပါးစိုက်ပျိုးထုတ်လုပ်မည့် တောင်သူများ စပါးအထွက်နှုန်း တိုးတက်စေရေးအတွက် မျိုးစပါးနှင့် လိုအပ်သောသွင်းအားစု ဓာတ်မြေသြဇာအိတ်များ ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဖျာပုံခရိုင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက မျိုးစပါးနှင့် သွင်းအားစုဓာတ်မြေသြဇာအိတ်များ ဈေးနှုန်းချိုသာစွာဖြင့် တောင်သူများ လက်ဝယ်သို့ အချိန်မီ ထောက်ပံ့ဖြန့်ဖြူးပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးအောင်က မျိုးကောင်းမျိုးသန့်စပါးများ၊ သွင်းအားစု ဓာတ်မြေသြဇာနှင့် စိုက်ပျိုးရေးနည်း စနစ်များ ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းဖြင့် မိုးစပါးစိုက်ပျိုးထုတ်လုပ်မည့် မြို့နယ်အတွင်း ကျေးရွာအုပ်စု ၃၁ အုပ်စုရှိ တောင်သူ ၁၀၃၇ ဦး၏ မိုးစပါးစိုက်ဧက ၁၇၅၀၀ အတွက် မျိုးစပါးနှင့် ဓာတ်မြေသြဇာအိတ်များကို တောင်သူများလက်ဝယ်ရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **အေဇာလင်း**



# စစ်တွေမြို့၌ စိုက်နည်းစနစ်မှန်ကန်ရေးနှင့် ကောက်စိုက်စွမ်းရည်မြင့်မားရေး နည်းပညာပေးသင်တန်းဖွင့်လှစ်



**စစ်တွေ ဇူလိုင် ၁၆**

ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မိုးစပါးစိုက်နည်းစနစ် မှန်ကန်ရေးနှင့် ကောက်စိုက်စွမ်းရည်မြင့်မားရေး သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ရှိ မျိုးသန့်ခြံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးအောင်ကြည်ဝင်းက စပါးတစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် လိုက်နာဆောင်ရွက်သင့်သည့်အချက်များကိုလည်းကောင်း၊ စစ်တွေခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ကောက်ကွက်ပြည့်မီအောင် စိုက်ပျိုးရမည့်နည်းစနစ်များ၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာထည့်သွင်းသုံးစွဲရေး၊ ရိတ်သိမ်းချိန်မှန်ကန်ရေး စသည့်တို့ကို ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ စစ်တွေမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ ကောက်စိုက်လုံမေ ၇၄ ဦးနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်း ၁၂ ဦး စုစုပေါင်း ၈၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

✪ စာမျက်နှာ ၁၁ မှ

အပြီးတိုင် အောင်မြင်စွာသိမ်းပိုက်ခြင်းဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ မိမိအိုးအိမ်နေရာများ၊ မိမိတို့၏ စိတ်အေးချမ်းသာစွာ ပြန်လည်နေထိုင်လိုသည့် ဆန္ဒ၊ အကြမ်းဖက် သောင်းကျန်းသူများ၏ အသက်အန္တရာယ်ရန်ပြုမှုဘေးမှ ကင်းဝေးပြီး အေးချမ်းစွာ မိမိလူမှုစီးပွားဘဝအတွက် ရှာဖွေစားသောက် လုပ်ကိုင်လိုစိတ် ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။

တိုက်ပွဲကာလများ မတိုင်မီ နိုင်ငံရေးခံယူချက် မတူညီမှုကြောင့် တပ်မတော်အား မထောက်ခံသူ လူနည်းစုဖြစ်သော အရပ်သားပြည်သူအချို့နှင့် နေအိမ်၊ ဥစ္စာပစ္စည်းများကို စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများသည် ၎င်းတို့ TNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ လက်အောက်သို့ ရောက်ရှိသွားပါက အခြေခံလူ့အခွင့်အရေး ဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့်အဘက်ဘက်မှ နိမ့်ကျသွားနိုင်သည်ကို လက်တွေ့သဘောပေါက်နားလည်လာသည့်အတွက် တပ်မတော်အား စိတ်အားထက်သန်စွာ အားပေးထောက်ခံလာကြပြီး မြေပြင်သတင်းရရှိမှုများအား နီးစပ်ရာ တပ်မတော်စစ်ကြောင်းများထံသို့ သတင်းပေးပို့ခြင်း၊ တပ်မတော်နှင့်အတူ ပူးပေါင်း ဆောင်ရွက်ခြင်းများ ပြုလုပ်လာခဲ့သည်။

TNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ အနေဖြင့် နောင်ချိုမြို့နှင့် ၎င်းဒေသအား ယာယီသိမ်းပိုက်ထိန်းချုပ်ထားစဉ် မြို့/ရွာများအတွင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သည့်အပြင် ဒေသခံပြည်သူများ၏ နေအိမ်များနှင့် ဈေးဆိုင်ခန်းများကို ဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်း၊ အများပြည်သူသွားလာလျက်ရှိသည့် လမ်းများအား မြေဖြုတ်ခြင်းများ ပြုလုပ်ဖျက်ဆီးခြင်း၊ လမ်းပန်းဆက်သွယ်ရေးတွင် အဓိကအချက်အချာကျသည့် ဂုတ်တွင်းတံတား အပါအဝင် အခြားလမ်း/တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်းတွေ့ရှိရသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် နောင်ချိုမြို့အတွင်းသို့ ယာယီနေရပ် စွန့်ခွာနေကြရသည့် ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးလည်ပတ်နိုင်ရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာ ဆောင်ရွက်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်ကင်းရှင်းရေး ဦးစားပေး ရှင်းလင်းဖော်ထုတ်ခြင်းကို ဂျီနီဗာ ကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့်စာသင်ကျောင်းများ၊ဆေးရုံ/ဆေးခန်းများ၊ ရုံး/ဌာန အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ နောင်ချိုဒေသ၏ လုံခြုံရေး၊ ဒေသခံပြည်သူလူထု လိုလားတောင်းတလျက်ရှိသည့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံခိုင်မာစေရေးကို ရှပ်ရှပ်ချွံချွံ ဆောင်ရွက်ပေးနိုင်ခဲ့သည့် တိုက်ပွဲဝင် တပ်မတော်သား အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအား မြဝတီရုပ်မြင်သံကြား အဖွဲ့သူ၊ အဖွဲ့သားများအားလုံးက လေးစားစွာ ဂုဏ်ပြုပါကြောင်းနှင့် အလားတူ ရှေ့တန်းတိုက်ပွဲဝင် တပ်မတော်သားအရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များအတွက် အောင်နိုင်စိတ်၊ တိုက်ပွဲဝင်လိုစိတ် စသည့် စိတ်ဓာတ်ခွန်အား အပါအဝင် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို မဆုတ်မနစ်သော ယုံကြည်ချက်ဖြင့် ဖြည့်ဆည်းပေးခဲ့သော တပ်မတော်သားမိသားစု ပါရမီဖြည့်ဖက်များနှင့် တပ်မတော်ကို အားပေးထောက်ခံခဲ့ကြသူအားလုံးကိုလည်း လေးစားစွာ အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ယူစွာ သတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**

# ဂျပန်နိုင်ငံ၌ ပြည်ပနိုင်ငံသားများဆိုင်ရာ စီမံခန့်ခွဲရေးရုံး ဖွင့်လှစ်

**တိုကျို ဇူလိုင် ၁၆**

ဂျပန်အစိုးရသည်နိုင်ငံအတွင်းနေထိုင်သည့် ပြည်ပနိုင်ငံသားများ၏အရေးကိစ္စများကို စီမံခန့်ခွဲဆောင်ရွက်ရန် ရုံးတစ်ရုံးကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံသားများနှင့် ပြည်ပနိုင်ငံသားများအကြား အတူတကွယှဉ်တွဲနေထိုင်နိုင်သည့် လူမှုအသိုက်အဝန်းတစ်ခုတည်ထောင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယခုဖွင့်လှစ်လိုက်သည့်ရုံးသည် အစိုးရအဖွဲ့၏အစိတ်အပိုင်းတစ်ခုဖြစ်လာမည်ဖြစ်ကာ အစိုးရအဖွဲ့ရုံး၊ တရားရေးဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။ ၎င်းရုံးဖွင့်လှစ်ပွဲကို ဝန်ကြီးချုပ်ရုံးတွင် ဇူလိုင် ၁၅ရက်က ကျင်းပခဲ့သည်။ ဂျပန်နိုင်ငံတွင် ကလေးမွေးနှုန်းလျော့နည်းခြင်းနှင့် သက်ကြီးရွယ်အိုများ များပြားလာခြင်းကြောင့် လုပ်သားများရှားပါးလာသဖြင့် ပြည်ပနိုင်ငံများမှ လုပ်သားများကို အလုပ်လုပ်ကိုင်ရန် ခေါ်ယူနေရပြီး အခြားတစ်ဖက်မှလည်း နိုင်ငံဝင်ငွေတိုးလာစေရေးအတွက် ပြည်ပခရီးသွားများကို နိုင်ငံအတွင်းသို့ လာရောက်ရန် ဆွဲဆောင်နေရကြောင်း သိရသည်။ သို့ရာတွင် နိုင်ငံအတွင်းသို့ လာရောက်သည့် ပြည်ပနိုင်ငံသားများ၏ ရာဇဝတ်မှုကျူးလွန်ခြင်းနှင့် အခြားလက်သင့်မခံနိုင်သည့် အပြုအမူများကြောင့် နိုင်ငံ သားများတွင် လူမှုဒုက္ခများခံစားရကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။ ဥပဒေကိုလိုက်နာခြင်းမရှိသည့် ပြည်ပနိုင်ငံသားများကို အရေးယူဆောင်ရွက်ရန် အစိုးရက တင်းကြပ်သည့် စည်းမျဉ်းများကို ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။ ယခုဖွင့်လှစ်သည့်ရုံးသည် ပြည်ပနိုင်ငံသားများ၏ တရားမဝင်သည့် ဆောင်ရွက်ချက်များကို သတိထားစောင့်ကြည့်ရမည်ဖြစ်ပြီး ပြည်ပနိုင်ငံသားများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများက စုဆောင်းထားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**




# အမေရိကန်က အင်ဒိုနီးရှားကုန်ပစ္စည်းများအပေါ် ၁၉ ရာခိုင်နှုန်း အခွန်ကောက်ခံမည်

**ဂျကာတာ ဇူလိုင် ၁၆**

အမေရိကန်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ကြား အခွန်ကောက်ခံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြီးနောက် သဘောတူညီမှုတစ်ရပ်ရရှိခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ကုန်ပစ္စည်းများအပေါ် အခွန်နှုန်းထား ၃၂ ရာခိုင်နှုန်းကောက်ခံခြင်းမှ ၁၉ ရာခိုင်နှုန်းအထိ လျှော့ချကောက်ခံရန် သဘောတူညီခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် နှစ်နိုင်ငံအကြား အကောက်အခွန်ဆိုင်ရာ ကောင်းမွန်သည့် ဆွေးနွေးမှုတစ်ခုကို တယ်လီဖုန်းမှတစ်ဆင့် ပြုလုပ်ခဲ့ကြောင်း သမ္မတ ပရာဘိုဝိုဆူဘီယန်တိုက ပြောသည်။

ထို့ပြင် နှစ်နိုင်ငံကုန်သွယ်မှုဆက်ဆံရေးကို "ခေတ်သစ်ကုန်သွယ်မှု ဆက်ဆံရေး" တစ်ရပ်အဖြစ် ဆူဘီယန်တိုက သူ၏ အင်တာနက်စာမျက်နှာတွင် ရေးသားခဲ့သည်။

အင်ဒိုနီးရှားကုန်ပစ္စည်းများအပေါ် အခွန်ကောက်ခံမှုနှုန်းသည် ဒေသတွင်းရှိ အခြားသောနိုင်ငံများထက် ပိုမိုနည်းပါးကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသို့ တင်သွင်းသည့် အမေရိကန်ကုန်ပစ္စည်းများအပေါ် အခွန်ကင်းလွတ်ခွင့်ရှိရမည်ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ယမန်နေ့တွင် အခိုင်အမာပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံက ဒေါ်လာ ၁၅ ဘီလီယံတန်ဖိုးရှိ စွမ်းအင်များနှင့် ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိုက်ပျိုးရေးထုတ်ကုန်များကို အမေရိကန်နိုင်ငံမှ ဝယ်ယူရန် ကတိပြုခဲ့ကြောင်း သိရသည်။ ထို့ပြင် ဘိုးအင်းခရီးသည်တင်လေယာဉ် ၅၀ ကိုလည်း ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံက ယခု ပထမဆုံးအကြိမ် အင်ဒိုနီးရှား ဈေးကွက်သို့ အပြည့်အဝဝင်ရောက်ခွင့်ရှိပြီဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က အခိုင်အမာပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# အစ္စရေးတပ်မတော်က ဂါဇာကမ်းမြောင်ဒေသ၌ စစ်ဆင်ရေးစင်္ကြံတစ်ခု တည်ဆောက်

**ဂါဇာစီးတီး ဇူလိုင် ၁၆**

အစ္စရေးတပ်မတော်က ဂါဇာကမ်းမြောင်ဒေသ၌ စစ်ဆင်ရေးစင်္ကြံတစ်ခုတည်ဆောက်ကာ ခန်ယွန်းနစ်မြို့ကို အရှေ့ဘက်ပိုင်းနှင့် အနောက်ဘက်ပိုင်းအဖြစ် နယ်နိမိတ်ခွဲခြားသတ်မှတ်ခဲ့ကြောင်း သိရသည်။ အဆိုပါစစ်ဆင်ရေးစင်္ကြံအား "Magen Oz Corridor" ဟု အမည်ပေးထားပြီး ဟားမတ်စ်အဖွဲ့အား ဖိအားပေးရန်အတွက် အဓိကကျသောအစိတ်အပိုင်းတစ်ခုအဖြစ် သတ်မှတ်ထားသည်။ ၁၅ ကီလိုမီတာခန့်ရှည်လျားသည့် အဆိုပါစင်္ကြံသည် ဂါဇာကမ်းမြောင်ဒေသအတွင်း အစ္စရေးတပ်ဖွဲ့ဖန်တီးထားသည့် စတုတ္ထမြောက် လမ်းကြောင်းတစ်ခုဖြစ်သည်။

### အလေးပေးပြောကြား

ယင်းလမ်းကြောင်းများသည် ယခင်အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုတွင် အဓိကအတားအဆီးတစ်ခုအဖြစ် ပါဝင်ခဲ့ပြီး အဆိုပါနေရာများတွင် တပ်စွဲထားသည့် တပ်ဖွဲ့ဝင်များကို ဆုတ်ခွာပေးမည်မဟုတ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အလေးပေးပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ အစ္စရေး၏တိုက်ခိုက်မှုကြောင့် အနည်းဆုံး ၅၈၄၇၉ ဦး သေဆုံးပြီး ၁၃၉၃၅၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၇-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၀ | ၃၀၇၀ | ၃၀၄၀ | ၂၉၇၀ | ၃၀၈၀ | ၃၀၉၅ | ၃၁၁၀ | ၃၀၃၀ | ၄၅၀၅ | ၃၃၂၀ | ၃၀၄၅ | ၃၀၅၀ | ၃၁၁၅ | ၃၀၈၀ | ၃၁၀၅ | ၃၃၆၀ |
| 95 Ron | ၃၀၁၀ | ၃၁၂၅ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၅ | ၃၀၈၅ | ၄၅၆၀ | ၃၃၇၅ | ၃၁၀၀ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၆၀ | ၃၄၁၅ |
| HSD (500 ppm) | ၂၆၃၅ | ၂၇၅၀ | ၂၇၁၅ | ၂၆၅၀ | ၂၇၅၅ | ၂၇၇၀ | ၂၇၈၅ | ၂၇၀၅ | - | ၃၀၀၀ | ၂၇၂၀ | ၂၇၂၅ | ၂၇၉၅ | ၂၇၆၀ | ၂၇၈၀ | ၃၀၁၅ |
| HSD (50 ppm) | ၃၂၆၅ | ၃၃၈၀ | ၃၃၄၅ | ၃၂၈၀ | ၃၃၈၅ | ၃၄၀၀ | ၃၄၂၀ | ၃၃၄၀ | ၄၈၃၀ | ၃၆၃၀ | ၃၃၅၅ | ၃၃၅၅ | ၃၄၂၅ | ၃၃၉၀ | ၃၄၁၅ | ၃၆၇၀ |
| HSD (10 ppm) | ၃၂၆၅ | ၃၃၈၀ | ၃၃၄၅ | ၃၂၈၀ | ၃၃၈၅ | ၃၄၀၀ | ၃၄၂၀ | ၃၃၄၀ | - | ၃၆၃၀ | ၃၃၅၅ | ၃၃၅၅ | ၃၄၂၅ | ၃၃၉၀ | ၃၄၁၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၀ | ၂၈၇၉ |
| 95 Ron | ၂၈၄၂ | ၂၉၃၃ |
| HSD (500 ppm) | ၂၄၇၆ | ၂၅၅၅ |
| HSD (50 ppm) | ၃၀၉၀ | ၃၁၈၀ |
| HSD (10 ppm) | ၃၀၉၀ | ၃၁၈၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# သီရိ ငါးမြို့နယ်၌ အခွန်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၆**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာနက ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းရှင်များအား ပြေစာများအပေါ်၌ အခွန်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် သီရိ ငါးမြို့နယ် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးလှငွေက ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းရှင်များအား ပြေစာများအပေါ်၌ အခွန်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းရှင် ၃၁ ဦးက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **နီလာ(ပြန်/ဆက်)**



# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၃ ဦး ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဇူလိုင် ၁၆

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၇ ဦး၊ အိန္ဒိယနိုင်ငံသားနှစ်ဦး၊ တရုတ်နိုင်ငံသားနှစ်ဦး၊ မလေးရှားနိုင်ငံသားတစ်ဦးနှင့် အီသီယိုးပီးယားနိုင်ငံသားတစ်ဦး စုစုပေါင်း ၂၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



### ဖြည့်စွက်မှာကြား

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်း ကောက်ယူခြင်းလုပ်ငန်းနေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၁၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၂၄၇ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၅၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၉၂ ဦး ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တာချီလိတ်မြို့၌ ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံမှ မူးယစ်ဆေးဝါးအမှုဖြင့် အလိုရှိတရားခံပြေး နှစ်ဦးအားထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၁၆

မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံ တာချီလိတ်မြို့တွင် ဇူလိုင် ၁ ရက်က ဖမ်းဆီးရမိခဲ့သည့် ထိုင်းနိုင်ငံမှ မူးယစ်အမှုဖြင့် အလိုရှိ ထိုင်းနိုင်ငံသား တရားခံပြေး နှစ်ဦးအား ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။



ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့သည် မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ထံသို့ ထိုင်းနိုင်ငံအတွင်း မူးယစ်ပြစ်မှုများ ကျူးလွန်ပြီး မြန်မာနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်နေသည့် Mr.Techin Nowong(မစ္စတာ တိချန်းနဝန်) နှင့် Mr. Chamang Kanthawong (မစ္စတာ ချမန်ကန်ထဝန်)တို့ နှစ်ဦးအား ကူညီစုံစမ်းဖော်ထုတ် ဖမ်းဆီးပေးပါရန် သတင်းဖလှယ်ပေးပို့ချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ စုံစမ်းဖော်ထုတ်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အဆိုပါ အလိုရှိတရားခံပြေး နှစ်ဦးအား ဇူလိုင် ၁ ရက်တွင် တာချီလိတ်မြို့ ပါဆပ်ရပ်ကွက်၌ ဖမ်းဆီးရမိခဲ့ကြောင်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာအရ အဆိုပါအလိုရှိတရားခံ နှစ်ဦးအား နှစ်နိုင်ငံတည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် သန့်လွင်မောင် ဦးဆောင်သည့်အဖွဲ့က ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ အတွင်းရေးမှူးချုပ် Pol.Lt.Gen. Phanurat Lukboon ဦးဆောင်သည့်အဖွဲ့ထံသို့ ဇူလိုင် ၁၆ ရက်တွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား(၂)၌ လွှဲပြောင်းပေးအပ်ခဲ့သည်။

နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး အစီအစဉ်အရ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ကာ နယ်စပ်ဖြတ်ကျော် မူးယစ်မှုခင်းများ ထပ်မံကျူးလွန်နေသည့် တရားခံပြေးများကို အပြန်အလှန်ဖော်ထုတ်ဖမ်းဆီး လွှဲပြောင်းပေးခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေသည့်အပြင် ဒေသတွင်း မူးယစ်ဆေးဝါး ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

# ကျိုက်ထိုမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိမူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၆

ကျိုက်ထိုမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၈ ရက် ည ၆ နာရီတွင် သတင်းအရ ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာအနီးတွင် မန္တလေးမြို့မှ မြဝတီမြို့သို့ အောင်ကျော်ထွန်းမောင်းနှင်ပြီး ကြေးမုံဝင်း၊ ကျော်မျိုးအောင်နှင့် ရွှေရည်တို့လိုက်ပါလာသော ယာဉ်အားရှာဖွေရာ ငွေကျပ် ၁ ဒသမ ၂၈၃၆ ဘီလီယံတန်ဖိုးရှိ ဘိန်းဆီခဲ ၁၉ ဒသမ ၅ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၃၅၁ သိန်း)၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၂၂ ဒသမ ၆ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၆၇၈၀)၊ အိုက်စ် (မက်သ်အဖက်တမင်း) ၁ ဒသမ ၇ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၄၂၅ သိန်း)၊ ကတ်တမင်း ၁၄ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၂၀၀)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၀ (၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၀၈၀)တို့ကို ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား မိုင်းရယ်မြို့နေ ညီညီထွေး(ခ)Sun မိုင်းရယ်က မြဝတီမြို့နေ မျိုးဇော်ငြိမ်းထံသို့ ပို့ဆောင်ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်




ပြစ်မှုကျူးလွန်သူ အောင်ကျော်ထွန်း၊ ကြေးမုံဝင်း၊ ကျော်မျိုးအောင်နှင့် ရွှေရည်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူတွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၆

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “@user662681067808” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် မြေနုသဲကျောကျေးရွာနေ ထွန်းနိုင်(ခ)ကျားကြီး(ခ)ကရင်ကြီး ၄၇ နှစ်အား မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် နတ်တလင်းမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဇမ္ဗူသီရိမြို့နယ် သုခတော်ဝင်အိမ်ရာတွင်ဖြစ်ပွားခဲ့သော လူသတ်မှု၌ပါဝင်ပတ်သက်သူများအား သေဒဏ်နှင့်ထောင်ဒဏ်များ အသီးသီးကျခံစေရန် တရားရုံးက အမိန့်ချမှတ်

နေပြည်တော် ဇူလိုင် ၁၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် သုခတော်ဝင်အိမ်ရာ၌ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၇ရက်က တိုက်အမှတ် (K-1)၊ အခန်း(၁၃)တွင်နေထိုင်သူ ဒေါ်စန္ဒာမိုးသည် ၎င်း၏ နေအိမ်တိုက်ခန်းအတွင်းရှိ ဧည့်ခန်း၌ ဝမ်းဗိုက်ပတ်လည်တွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သတင်းပေးချက်အရ သွားရောက်စစ်ဆေးရာ ဒေါ်စန္ဒာမိုးမှာ သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ပြီး တရားခံများကို ပျဉ်းမနားခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့သည်။

တရားခံများအား ပျဉ်းမနားခရိုင် တရားရုံး၏ ရာဇဝတ်ကြီးမှုအမှတ် ၆၄/၂၀၂၄ ဖြင့် လက်ခံစစ်ဆေးပြီး တရားခံ(၁)မျိုးမင်းထွန်း၊ (၂)ဖြိုးသက်ပိုင်(ခ) ကိုဖြိုး၊ (၃) ရဲလင်းဦး(ခ) ရဲရဲ (ခ) ကိုရဲနှင့် (၄) ဖြိုးဝေလင်း(ခ) ကရင်တို့ လေးဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁)(ခ)/၃၄ အရ ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသဖြင့် သေဒဏ်၊ (၁)(၂)(၃) တရားခံတို့အား ရာဇသတ်ကြီးပုဒ်မ ၃၉၄ အရလည်းကောင်း၊ (၄) တရားခံသည် ရာဇသတ်ကြီးပုဒ်မ ၃၉၄/၁၀၉ အရလည်းကောင်း ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသဖြင့် အလုပ်နှင့် ထောင်ဒဏ် အနှစ် ၂၀ စီကျခံစေရန် ပျဉ်းမနားခရိုင် တရားရုံးက ဇူလိုင် ၇ ရက်တွင် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

■

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အမည်ခံ အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



**နေပြည်တော် ဇူလိုင် ၁၆**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေများ အတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အမည်ခံအဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများနှင့် ပတ်သက်သည်များကို အသိပညာပေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသားငါးဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကာ ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများပေးအပ်သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကန်ကြီးထောင့်မြို့နယ်၌ လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်း ပြုလုပ်



**ကန်ကြီးထောင့် ဇူလိုင် ၁၆**

ဧရာဝတီ တိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ လျှပ်စစ်ဘေးအန္တရာယ် ဆိုင်ရာ အသိပညာပေး ဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှုများကို ယနေ့နံနက်ပိုင်းက ဆပ်ကွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးအုန်းသန်းက အမှာစကား ပြောကြားပြီး မြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးက လျှပ်စစ်မလှုပ်မီ ကြိုတင်ပြင်ဆင်ရမည့် အချက်များ၊ လျှပ်စစ်ဘေးအန္တရာယ်နှင့်ကြုံတွေ့ရပါက လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ လျှပ်စစ်လှုပ်နေစဉ် ဆောင်ရွက်ရမည့်အချက်များ၊ လျှပ်စစ်လှုပ်ပြီးနောက်ပိုင်း ဆောင်ရွက်ရမည့် အချက်များအကြောင်း သိကောင်းစရာများနှင့် လျှပ်စစ်ဘေးအန္တရာယ်ကြုံတွေ့ရပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ကြရန် စသည်တို့ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လက်ထောက် မီးသတ်ဦးစီးမှူး ဦးနိုင်သက်လင်းက လျှပ်စစ်ဘေးအန္တရာယ် ဖြစ်ပွားလာပါက အရေးပေါ် လိုအပ်မည့်ပစ္စည်းများ ကြိုတင်ပြင်ဆင်ရမည့်အပိုင်းနှင့် လျှပ်စစ်လှုပ်ခတ်နေစဉ်ဆောင်ရွက်ရမည့်နည်းလမ်းများ စသည့်အကြောင်းအရာများနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အထက(ဆပ်ကွင်း)စာသင်ကျောင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား လျှပ်စစ်အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးပြီး လျှပ်စစ်ဘေးသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ဇင်စိုး (ပြန်/ဆက်)**



## တိုက်ကြီးမြို့နယ်၌ လျှပ်စစ်ဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်

**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ လျှပ်စစ်ဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(မြို့မ-၃)၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးနိုင်က အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ချစ်ထက်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက Assement Search and Rescue Level ဖြင့် ဘေးအန္တရာယ် ထပ်မံဖြစ်ပွားခြင်းရှိ/မရှိ ဆောင်ရွက်ခြင်း၊ Sector များ သတ်မှတ်၍ လုံခြုံမှုဆောင်ရွက်ခြင်း၊ မျက်မြင်လူနာများ ရှာဖွေခြင်းနှင့် စက်ပစ္စည်းကိရိယာများ အသုံးပြု၍ လူနာကျန် ရှိ/မရှိ ရှာဖွေခြင်း၊ လူနာအဆင့်ခွဲခြားခြင်းနှင့် ရှေးဦးသူနာပြုစုခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများအား လူနာတင်ယာဉ်အသုံးပြု၍ ဆေးရုံသို့ပို့ဆောင်ခြင်း၊ လျှပ်စစ်လှုပ်ခတ်နေချိန်နှင့် လှုပ်ခတ်ပြီးချိန်တွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်းပြုလုပ်ရမည့် လုပ်ငန်းစဉ်များကို မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ သရုပ်ပြဇာတ်တိုက်လေ့ကျင့်ရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိန်လင်းအောင်နှင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ စုစုပေါင်း ၅၅၀ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဝါးခယ်မမြို့နယ်၌ ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်နိုင်စေရေး အသိပညာပေး

**ဝါးခယ်မ ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ ပြည်သူများ ရေဘေးအန္တရာယ်ကြုံတွေ့ပါက မှန်ကန်သောနည်းလမ်းများဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေး အသိပညာပေးခြင်းကို ယနေ့နံနက် ၉ နာရီက ကျေးရွာများသို့ ဆက်သွယ်နေသည့် ဈေး၊ ရပ်ကွက်၊ သင်္ဘောဆိပ်နှင့် ကူးတို့ဆိပ်တို့တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတိုးနိုင်ဦး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက ရေလမ်းအသုံးပြုခရီးသွားပြည်သူများအား အသက်ကယ်အင်္ကျီ စနစ်တကျဝတ်ဆင်ပုံ၊ နီးစပ်ရာတွင် အသုံးပြုနိုင်သည့် အသက်ကယ်ပစ္စည်းများဖြင့် ဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်နိုင်ပုံတို့ကို အသိပညာပေး ဆောင်ရွက်ကြသည်။

ဝါးခယ်မမြို့နယ်တွင် မိုးတွင်းကာလ သဘာဝဘေးအန္တရာယ်နှင့် အခြားသော အန္တရာယ်များကျရောက်ပါက ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတိုးနိုင်ဦး ဦးဆောင်သော တပ်ဖွဲ့ဝင် ၃၅ ဦးပါဝင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့အား ဖွဲ့စည်းထားရှိပြီး ဘေးအန္တရာယ်ကြုံတွေ့ပါက အချိန်မရွေး အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။



**လှမ်းသီဟ(ဝါးခယ်မ)**



## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ လျှပ်စစ်ဘေးအန္တရာယ် အသိပညာပေး

**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ လျှပ်စစ်ဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှုအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ်(၅)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၄)ကျောင်း၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဘော်က အမှာစကားပြောကြားပြီး လျှပ်စစ်ဘေးအန္တရာယ် အသိပညာပေး ဟောပြောခြင်းနှင့် လျှပ်စစ်ဘေး/ မီးဘေးနှင့် ပတ်သက်သော ဇာတ်တိုက်လေ့ကျင့်သရုပ်ပြမှုများကို ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းနိုင်ဝင်းက သင်ကြားပို့ချသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ ပူးပေါင်း၍ ကျောင်းသားကျောင်းသူများအား အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# AI နှင့် EV နည်းပညာများဆိုင်ရာ သုတေသနများဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၆

AI နှင့် EV နည်းပညာများဆိုင်ရာ သုတေသနများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ယမန်နေ့က ရန်ကုန်နည်းပညာတက္ကသိုလ်၌ ပြုလုပ်သည်။

**တွင်ကျယ်စွာအသုံးပြု**

ဆွေးနွေးပွဲတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက AI ကို Industry 4.0၊ Smart Agriculture၊ E-commerce နှင့် Smart Transportation စသည့် လုပ်ငန်းများ အပြင် နေ့စဉ်လူမှုဘဝတွင်ပါ တွင်ကျယ်စွာ အသုံးပြု လာကြပြီဖြစ်ကြောင်း၊ အလားတူ ကမ္ဘာ့ဂေဟစနစ်ကို ထိန်းသိမ်းကာ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်နိုင်ရေးအတွက် ၂၀၅၀ ပြည့်နှစ်၌ ကာဗွန်ထုတ်လွှတ်မှုကင်းစင်ရေးပန်းတိုင်ဖြင့် နိုင်ငံ



တကာ၌ Electric Vehicle (EV) ထုတ်လုပ်သုံးစွဲမှုများ တစ်ရှိန်ထိုးမြင့်တက်လာပြီး မိမိတို့နိုင်ငံတွင်လည်း ပြည်သူများ EV သုံးစွဲမှုများ သိသာစွာ မြင့်တက်လာပါကြောင်း၊ သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ လိုအပ်သည့် AI နှင့် EV နည်းပညာများဆိုင်ရာ သုတေသနများ ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရန်ကုန်နည်းပညာတက္ကသိုလ် ပင်မဆောင်ရှိ စာသင်ခန်းများတွင် အင်ဂျင်နီယာ ဘာသာရပ်များအလိုက် သင်ကြားလေ့လာနေကြသည့် ကျောင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လေးထပ်ခွဲ ဗိသုကာဌာနဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

## ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေး

ရန်ကုန် ဇူလိုင် ၁၆

ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Royal Express မှ ပျော်ဘွယ်မြို့နယ်တွင် လုပ်ငန်းတာဝန်ထမ်းဆောင်စဉ် လျှော်ဒဏ်ကြောင့် တိုက်ပိသေဆုံးသည့် အာမခံအလုပ်သမားတစ်ဦးအား အကျိုးခံစားခွင့်ထုတ်ပေးခြင်းကို ဇူလိုင် ၁၅ ရက် ညနေ ၄ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ် လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Royal Express Co.,Ltd မှ အာမခံအလုပ်သမား ဦးခန့်ဇင်ဟိန်းသည် မတ် ၂၈ ရက်က ပျော်ဘွယ်မြို့၌ လုပ်ငန်းတာဝန်ထမ်းဆောင်စဉ် လျှော်ကြောင့်တိုက်ပိ၍ အလုပ်ခွင်ပြင်ပထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ငွေကျပ် ၈၉၉၄၃၇၅၀ ကို မိခင်ဖြစ်သူ ဒေါ်လှလှစိုးထံသို့ မြို့နယ်ရုံးခွဲတာဝန်ခံ၊ အလုပ်ဌာနမှ တာဝန်ရှိသူများရှေ့မှောက်၌ ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



---



## ဖျာပုံခရိုင်အတွင်းရှိ စားသုံးဆီဖြန့်ဖြူးမှု ကြီးကြပ်သည့်စနစ် ဆော့ဖ်ဝဲအတွင်း မှတ်ပုံတင်ခြင်းနှင့် စနစ်အသုံးပြုနည်းသင်တန်းဖွင့်

ဖျာပုံ ဇူလိုင် ၁၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန၊ Capital Connect Ltd နှင့် ဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီတို့ ပူးပေါင်း၍ ဆောင်ရွက်နေသည့် EOS စနစ်အသုံးပြုရာတွင် လိုအပ်သော စနစ်ထည့်သွင်းခြင်းနှင့် သင်တန်းပေးခြင်းလုပ်ငန်းစဉ်များကို စားသုံးဆီ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချနေသည့် ကိုယ်စားလှယ်များအား စားသုံးဆီဖြန့်ဖြူးမှု ကြီးကြပ်သည့်စနစ် ဆော့ဖ်ဝဲအတွင်း မှတ်ပုံတင်ခြင်းနှင့် စနစ်အသုံးပြုနည်းသင်တန်းကို ယနေ့နံနက် ၁၀ နာရီက ဖျာပုံခရိုင်စားသုံးသူရေးရာ ဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ဖျာပုံခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွေးသိမ်းက အမှာစကားပြောကြားသည်။ ထို့နောက် Capital Connect Ltd မှ တာဝန်ရှိသူများက စားသုံးဆီ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချနေသည့် ကိုယ်စားလှယ်များအား စားသုံးဆီဖြန့်ဖြူးမှု ကြီးကြပ်သည့်စနစ်အတွင်း မှတ်ပုံတင်ခြင်းနှင့် စနစ်အသုံးပြုနည်းများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ဖုန်းဖြင့် ဆော့ဖ်ဝဲရေးသွင်းခြင်း၊ အသုံးပြုခြင်းများကို ရှင်းလင်းဆွေးနွေးသင်ပြကြသည်။ အဆိုပါ သင်တန်းသို့ ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဘိုကလေးမြို့နယ်တို့မှ စားသုံးဆီ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချနေသည့် ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

---

## “အချစ်ရဲ့မိုး” တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၁၆

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတ ဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ “အချစ်ရဲ့မိုး” တေးဂီတဖျော်ဖြေပွဲကို ဇူလိုင် ၁၈ ရက် သောကြာနေ့ ည ၉ နာရီခန့်၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များ ဖြစ်ကြသည့် ရဿ၊ D ဖြိုး၊ ဒိုးချပ်၊ စောရက်စတာ၊ ဂျင်နီ၊ နန်းခင်ဇေယျာ၊ မေသူခိုင်ငြိမ်း၊ လွန်းရွှေရည်သာ၊ မိုးဖူးဖူးခင်နှင့် မိုးပြည့်ပြည့်ခင်တို့က ငြိုးမာန်ဖွဲ့တိမ်ညိုဆင်ပြီး လျှပ်တပြက်မိုးခြိမ်းသံပေးကာ အဆက်မပြတ်ရွာသွန်းဖြိုးသည့် ဝါဆိုမိုးနှင့် အစိမ်းရောင်လွှမ်းခြုံသည့် မိုးရာသီမြင်ကွင်းများနှင့်အတူ ရင်ကိုထိမှန်စေမည့်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။

“အချစ်ရဲ့မိုး” တေးဂီတဖျော်ဖြေပွဲကို MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်၍ တစ်ချိန်တည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဇူလိုင် ၂၀ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



## ကလေးမြို့၌ အခြေခံလူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကျင်းပ

ကလေး ဇူလိုင် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက အခြေခံလူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ကလေးခရိုင်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးဟန်ထွန်းအောင်က အမှာစကားပြောကြားပြီး ကလေးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထိုက်တန်က သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်များနှင့် ဆက်လက်ဖွင့်လှစ်သွားမည့် သင်တန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းသူများအား ထုတ်ကုန်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

---

## ကျောက်ဆည်မြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

ကျောက်ဆည် ဇူလိုင် ၁၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီကျောင်းဆောင်၌ ပြုလုပ်ပေးသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရာတွင် ကျောင်းသား ကျောင်းသူ ၂၄၁ ဦးအား ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုအေးနှင့် ဆရာ ဆရာမများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပြီး နေ့ချင်းပြီးပြုလုပ်ပေးသည့် နိုင်ငံသားစိစစ်ရေးကတ်များအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်



နိုင်နှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ၏ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်းနှင့် UID ထုတ်ပေးခြင်းလုပ်ငန်းစဉ်များပါ တစ်ပြိုင်တည်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

**အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း**






## (၇၈)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန် ညွှန်ကြားထား

နေပြည်တော် ဇူလိုင် ၁၆

၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက် (စနေနေ့)(၇၈) နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက် ဌာန/ ရုံးအဆင့်ဆင့်သို့ ဆက်လက်အသိပေးညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် (၇၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ဝ၄:ဝဝ အချိန်မှ အခမ်းအနားပြီးစီးချိန်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ - ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားပါမည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ဝ၅:ဝဝ အချိန်မှ ၁၈:ဝဝ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှ ဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့် စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/ လမ်းလွှဲဆောင်ရွက်သွားပါမည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉.၇.၂၀၂၅ ရက်နေ့ ဝ၅:ဝဝ အချိန်မှ ၁၈:ဝဝ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှ လည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှ လည်းကောင်း လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားပါမည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်/လမ်းလွှဲဆောင်ရွက် နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ပြင်ဦးလွင်မြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ



ပြင်ဦးလွင် ဇူလိုင် ၁၆

လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် လင်းလက်ကြယ်စင်ဟိန်း ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ကျင်းပသည်။ ဦးစွာ လင်းလက်ကြယ်စင်ဟိန်း ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေမီအောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက ဟောပြောပွဲကျင်းပရသည့်ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာကိုရွှေအောင်သင်းက "လူငယ်နှင့်စာပေ" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။ ထို့နောက် ဟောပြောဆွေးနွေးချက်များကို ကျောင်းသားကျောင်းသူများအား မေးမြန်းရာ ကျောင်းသား ကျောင်းသူများက မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ပြီး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## အုတ်တွင်းမြို့နယ်၌ (၇၈)နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

အုတ်တွင်း ဇူလိုင် ၁၆

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက အာဇာနည်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း၊ အာဇာနည်စိတ်ဓာတ်၊ အောင်ဆန်းစသော မျိုးချစ်သူရဲကောင်းများ စသည့် အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

## မြဝတီမြို့၌ (၇၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ




မြဝတီ ဇူလိုင် ၁၆

ကရင်ပြည်နယ် မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၇၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများကျင်းပသည်။

ဦးစွာ မြဝတီမြို့နယ် ပညာရေးမှူး ဦးမိုးကျော်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်နှင့် အာဇာနည်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများကို ဟောပြောသည်။

ထို့နောက် မြဝတီမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မေသဲက ကျောင်းသား ကျောင်းသူများအား အသိပညာ ဗဟုသုတရရှိစေမည့် စာပေများ ဖတ်ရှုကြရန် မှုဒိတာစကားပြောကြားကာ ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလင်းထက်အောင်က လူငယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းလမ်းများကို ဟောပြောသည်။

ထို့နောက် အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်းမှ Grade-6 ကျောင်းသား ကျောင်းသူ ၅ဝ တို့က စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ အာဇာနည်နေ့ အထိမ်းအမှတ်ဆိုင်ရာ ဉာဏ်စမ်း မေး/ဖြေ ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြရာ ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုများရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ

**(၁၈)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းဂဏန်း(၅)လုံးသိန်းဆုထီပေါက်စဉ် ၂၀၂၅ ခုနှစ် ဇူလိုင် လ (၁၆) ရက်နေ့**

**အောင်ဘာလေအွန်လိုင်းသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။** *အခမဲ့ထုတ်ဝေသည်*

## Jackpot ဆုမဲစနစ် ကျပ်သိန်း (၁၀၀၀)ဆု

တ - ၇၁၄၉၉

ကံထူးရှင်(၁)ဦး

## ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| ဂ - ၁၄၂၂၄ | ဆ - ၄၂၂၁၆ | တ - ၆၉၀၀၆ |
| ခ - ၁၄၆၀၁ | က - ၄၇၃၉၆ | ယ - ၇၄၃၁၁ |
| ခ - ၂၈၅၂၁ | ဂ - ၅၂၁၆၅ | ဂ - ၉၆၅၃၀ |
| တ - ၃၇၄၃၄ | တ - ၆၃၂၆၆ | |

ကံထူးရှင်(၁၁)ဦး

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | | | |
|---|---|---|---|
| သ - ၁၁၄၂၆ | က - ၂၂၅၀၂ | ခ - ၃၄၉၄၈ | ရ - ၆၃၀၁၄ |
| သ - ၁၃၆၃၈ | သ - ၂၃၁၀၅ | သ - ၃၇၁၆၂ | ယ - ၆၈၉၈၅ |
| တ - ၂၁၇၇၇ | ဖ - ၃၁၈၉၈ | ရ - ၄၀၄၈၅ | သ - ၇၉၀၃၄ |

ကံထူးရှင်(၁၂)ဦး

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| က - ၁၅၆၃၇ | ပ - ၂၉၃၄၂ | ခ - ၆၁၇၉၄ | သ - ၇၆၉၅၅ |
| ဟ - ၂၂၃၈၅ | ပ - ၄၁၄၄၉ | တ - ၆၅၁၆၂ | ပ - ၈၁၇၆၁ |
| ဂ - ၂၆၆၀၈ | သ - ၄၇၂၄၈ | ယ - ၇၅၇၄၄ | ဆ - ၉၆၃၄၅ |
| သ - ၂၇၁၁၉ | အ - ၆၀၁၈၄ | | |

ကံထူးရှင်(၁၄)ဦး

## ဝေဝေဆာဆာပဒေသာကျပ်(၂)သိန်းဆုများ(၄)ယူနစ်

| | |
|---|---|
| အ - ၁၂၇၄ | ရ - ၆၈၇၁ |
| ပ - ၁၉၄၅ | အ - ၉၇၉၆ |

အကွာရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၃၀)ဦး

## ဝေဝေဆာဆာပဒေသာကျပ်(၁)သိန်းဆုများ(၅)ယူနစ်

| | |
|---|---|
| ဂ - ၃၁၇ | က - ၇၄၃ |
| တ - ၃၄၅ | သ - ၉၅၉ |
| က - ၅၀၃ | |

အကွာရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၃၄၁)ဦး

## ဝေဝေဆာဆာပဒေသာကျပ်(၅)သောင်းဆုများ(၅)ယူနစ်

| | | |
|---|---|---|
| စ - ၂၄ | ရ - ၄၉ | ဂ - ၇၅ |
| ရ - ၃၆ | စ - ၅၆ | |

အကွာရာနှင့်ရှေ့ဂဏန်း(၂)လုံးအစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၃၄၅၀)ဦး

## ဝေဝေဆာဆာပဒေသာကျပ်(၁)သောင်းဆုများ(၂)ယူနစ်

| | |
|---|---|
| က - ၃ | ပ - ၅ |

အကွာရာနှင့်ရှေ့ဂဏန်း(၁)လုံးအစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၁၃၉၃၂)ဦး

၁။ ၂၀၂၅ ခုနှစ်၊ ဇူလိုင် လ (၁၆)ရက်နေ့တွင် ကျင်းပသည့် (၁၈)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေအွန်လိုင်း ဂဏန်း ၅လုံး သိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ ( ၁၇၇၉၁ )ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် ( ၁၇၇၉၁ )ဦး ဖြစ်ပါသည်။
၂။ မရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်းတန်ဖိုးအား ပြန်လည်အစားထိုးဖွင့်လှစ်ပေးခဲ့ပါသည်။
၃။ (၁၈)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းအထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၁၇- ၇ -၂၀၂၅ ) ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျပ်(၁၀)သိန်းနှင့်အောက် ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ထီကံစမ်းသူ၏ထီကံစမ်းသယ်ယူရာတွင် အသုံးပြုပေးချေခဲ့သည့် ငွေပေးချေမှုစနစ်မှတစ်ဆင့် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။
၄။ ကျပ် (၁၀) သိန်း အထက် ထီဆုငွေများကို ထီဆုငွေကံထူးရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ် မူရင်း/ မိတ္တူ သို့မဟုတ် Passport မူရင်း/မိတ္တူ သို့မဟုတ် Foreigner Registration Certificate(FRC) မူရင်း/မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် Passport အရွယ်အစားဓာတ်ပုံ (၃)ပုံ၊ Application တွင် ထီကံစမ်းခဲ့ကြောင်း အထောက်အထားထီလက်မှတ်နှင့် Screenshot မိတ္တူ၊ ထီကံထူးကြောင်းပေးပို့သည့် စာတို (SMS)နှင့် Screenshot မိတ္တူ၊ ထီဆုငွေထုတ်ယူရန် ပေးပို့ထားသော လျှို့ဝှက်ကုတ်ပါဝင်သည့် စာတို (SMS)နှင့် Screenshot မိတ္တူ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

---


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ထူပါရုံ၊ မြေကွက်အမှတ်-၁၁၂၅၊ ဧရိယာ (၄၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၁၇)၊ ထူပါရုံ(၂)လမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးသိန်းဖေ [၁၂/သကတ(နိုင်)၀၄၆၃၁၆]၊ ဒေါ်မြချည် [၁၂/သကတ(နိုင်)၀၉၃၄၄၈]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား မြေအမည်ပေါက် ဦးသိန်းဖေ(ဦးလေး)နှင့် ဒေါ်မြချည်(အဒေါ်)တို့ ကွယ်လွန်သဖြင့် ဒေါ်နွဲ့နွဲ့ဝင်း[၁၀/ဘလန(နိုင်)၀၅၁၆၉၈]မှ ဗိုလ်တထောင်ခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ်-၃၉/၂၀၂၄ ၏ အမွေထိန်းလက်မှတ်စာထုတ်ပေးမည်ဖြစ်ကြောင်း ၁၉-၁၁-၂၀၂၄ ရက်စွဲပါ အမိန့်နှင့် ၂၈-၁၁-၂၀၂၄ ရက်စွဲပါ အမွေထိန်းလက်မှတ်စာ၊ ဗိုလ်တထောင်ခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ်-၄၉/၂၀၂၄ ဖြင့် ဦးသိန်းဖေ၊ ဒေါ်မြချည်တို့ကျန်ရစ်သော အမွေပစ္စည်းများအပေါ် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇ အရ စီမံခန့်ခွဲခွင့်ပြုထားသည့် ၂၇-၁-၂၀၂၅ ရက်စွဲပါစီရင်ချက်နှင့် ထုံးပုံကျအပြီးသတ်အမိန့်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နှစ်(၆၀)မြေငှားဂရန်မူရင်းမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ အပိုင်ပေးစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တို မြို့သစ် (၁)ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ် (၂/၁၂၅၆)ဟု ခေါ်တွင်သော မလှ(ခ)မလှမြင့် အမည်ဖြင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ချပေးထားသော ပါမစ်မြေ အကျယ်အဝန်း (၂၅ × ၅၀) ပေနှင့် အမှတ် (၂/၁၂၅၇)ဟု ခေါ်တွင်သော ဦးမြင့်စိန် အမည်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ချပေးထားသော ပါမစ်မြေ အကျယ်အဝန်း (၂၅ × ၅၀) ပေ တို့ကို စာချုပ်အဆက်ဆက်ဖြင့် တရားဝင် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးအောင်ဖြိုးဝေ (၁၂/လမတ(နိုင်)၀၂၉၇၆၂)ထံမှ (၁၄-၇-၂၀၂၅)ရက်နေ့တွင် ကျွန်ုပ်၏ မိတ်ဆွေက စရံငွေတစ်စိတ်တစ်ဒေသ ပေး၍ ဝယ်ယူထားပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤသတင်းစာ ကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း မူရင်းများနှင့်အတူ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက် ဆောင်ရွက် သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက် အရ -**
**ဦးစိန်ထွန်း (ခ) ဦးသန်းရွှေ (တရားလွှတ်တော်ရှေ့နေ စဉ်၈၅၃၉)**
**09 254048547 , 09 793268348**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အရှေ့ကြို့ကုန်း(၁)လမ်း(မြောက်)၊ အမှတ်(၈၈၉/၂)၊ ယခုအခေါ်(၈၈၉/A)ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား၃၀ပေxအနံ၄၂ပေ)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဥမ္မာ[၁၂/အစန(နိုင်)၁၀၅၃၈၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြလှဲ့ဝင်း(L.L.B) ဒေါ်အေးအေးသိန်း(B.A, PGDL) ဒေါ်စန်းမြသက်(B.Sc, PGDL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၁၂) အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆) အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၅)**
**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့ သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၆)၊ မြေကွက်အမှတ်(၁၂၆၆/ခ)၊ သန္တာလမ်း၊ (၅၆)ရပ်ကွက်၊ အကျယ်အဝန်း (၂၀ x ၆၀)ပေ (၁၂၀၀ စတုရန်းပေ)ရှိသော ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ပါမစ်အမည်ပေါက် ဒေါ်သန်းကြည်(CA -၀၄၆၈၁၄) ထံမှ အမွေဆက်ခံပိုင်ဆိုင်ခြင်းဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်ကျင်အေး [၁၂/ဥကတ(နိုင်)၀၉၂၁၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မေသဇင်မြင့် [၁၂/သဃက(နိုင်)၁၆၉၆၀၆]က အပြီးအပိုင်ဝယ်ယူရန်အတွက်( ၁၅ -၇-၂၀၂၅) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် [LLB, WIPO (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၂)ရပ်ကွက်၊ ယင်းမာလမ်းသွယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၁၁၃၅)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ ဒေါ်ခင်စိန်အမည်ပေါက် ပါမစ်မြေအမျိုးအစားနှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကြည်အေး [၉/ညဥန(နိုင်)၁၃၂၃၇၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးလှမောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း (LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၄၂၅၂၈၆၀၄၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ အနော်ရထာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ/၁၆)၊ မြေကွက်အမှတ်(၁၁/က)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးဖျန့် အမည်ပေါက် ပါမစ်မြေအမျိုးအစားနှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဆွေဆွေဦး [၁၂/ဥကမ(နိုင်)၂၀၄၄၀၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဦးစိုးမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း (LL.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၄၂၅၂၈၆၀၄၂**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာ(၃)ရပ်ကွက်၊ ဗိုလ်လင်းယုံလမ်း၊ အကွက်အမှတ်(၂၅)၊ ဗိုလ်ချုပ်ရေနံစက်ကွက်၊ ဦးပိုင်အမှတ်(က/၂၅)၊ မြေကွက်အမှတ်(၀/၅၀)၊ ဧရိယာ(၀.၀၅၅)ဧကရှိမြေသည် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ဦးစိန်ဝင်း(ဌာနေ)သို့ ချထားပေးသော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်အား သန်လျင်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၂၀၂၄)ခုနှစ် စာချုပ်အမှတ်(၁၇၁) မြေကွက်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးသူရိန် ပိုင်ဆိုင်သော မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခံခွင့် အရပ်ရပ်အား ဦးသူရိန်(ဘ)ဦးမျိုးမြင့်[၁၂/ရပသ(နိုင်) ၀၅၁၃၃၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်မူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၅၁၈၅၁၆၇**

# ငွေပေါ်လျှော့ဈေးဖြင့် တည့်အောင်ရောင်းမည်

၁။ ချောင်းသာကမ်းခြေ SEA VIEW ( ဟိုတယ်ဂရံမြေကွက်) မျက်နှာစာ 220 ပေ၊ ရှေ့နောက် 300ပေ၊ (1.51)ဧကေ၊ ပင်လယ်ဘက်မှ လွဲ၍ ခြံစည်းရိုး (၃)ဘက်ကာရံပြီး GARIZIM HOTEL အနီးချောင်းသာ ရွှေသောင်ယံလမ်းမကြီးဘေး၊ ဆိုဈေး (သိန်းသုံးသောင်း)

၂။ ချောင်းသာမြို့နယ် (၃)ရပ်ကွက် စကားဝါတောင်ခြေ၊ ဒေါနတောင် လမ်းမကြီးပေါ်ရှိ အုတ်တံတိုင်း (၄)ဘက်ကာရံထားသော (0.5)ဧကေ ကျယ်သော ရွာမြေစစ်စစ်၊ လုံခြုံရေးတဲနှင့် အိမ်သုံးမီတာပါဝင်သည်။ ဆိုဈေး (သိန်းသုံးထောင်ငါးရာ)

၃။ ပြင်ဦးလွင်မြို့နယ်ရပ်ကွက်ကြီး(၂၁) မိုးကြိုးသိမ်အင်းလမ်းမအနီးရှိ မျက်နှာစာ (၈၆ပေ) ရှေ့နောက် (၁၇၀ပေ) ရှိပါမစ်မြေပေါ်တွင် အိပ်ခန်း (၃)ခန်းပါ တစ်ထပ်တိုက်တစ်လုံး၊ တစ်ထပ်ကားတစ်စီးဆန့်ကားဂိုဒေါင်၊ ၁၅ပေ-၃၀ပေ ရေကူးကန်အဝိုင်းတွင်း၊ သံမဏိရေစင်၊ ရေပူရေအေးစက်၊ အိမ်သုံးမီတာပါဝင်သည်၊ ထောပတ်၊ ပိန္နဲ၊ မာလကာ၊ သံပုရာ၊ လိုက်ချီး၊ လိမ္မော်၊ ကျွဲကောသီး၊ အစေ့မဲ့မာလကာ၊ ပန်းသီးမာလာကာ၊ ကြက်မောက်၊ မကဒေးနီးယား၊ ကျောက်ခက်၊ ဆယ့်နှစ်ရာသီကံ့ကော်၊ ပျဉ်းမပင်၊ ထင်းရှူးပင်၊ ထင်းရှူးပဒေသာ၊ နှင်းအိပင်၊ ခေါင်ရမ်းပင်၊ နှင်းဆီပင် ပါဝင်သည်။ ဆိုဈေး (သိန်းလေးထောင့်ငါးရာ) ဆက်သွယ်ရန်

**09-5113863/ 09-969770634/ -09-892335957**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ အ.ထ.က (ကျွန်းကလေး)၊ Grade(12)မှ မမေသူငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးအုံးသွင်[၁၄/ဒဒရ (နိုင်) ၀၂၈၅၁၄] ဖြစ်ပါကြောင်း။

**ဦးအုံးသွင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဗဗ-၅)၊ ဦးပိုင်အမှတ် (၆၉)၊ ၁၁၂ (F) လမ်း၊ ၄၇x၄၈ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကြည်ကြည်ခင်၏ (GP ရရှိသူ ဦးသိန်းထွန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၃၉၈၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သိန်းသိန်းမြင့် [၈/ခမန(နိုင်)၀၄၈၉၂၁] က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၁၁၂၅ / ၂၀၂၅-၂၀၂၆)ဖြင့် တောမှ မြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ခ‌ခ-၂၀)၊ ဦးပိုင်အမှတ် (၇၀)၊ ၆၆လမ်း၊ ၁၃၁x၁၃၂ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်မြဟန်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၃၈၅၈/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်သန်းထွေး[၁၃/နဆန(ဧည့်)၀၀၀၃၅၄]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၁၁၃၈/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ခခ-၁၃)၊ ဦးပိုင်အမှတ် (၄၀)၊ ၆၀(A)x၆၀(B)ကြား၊ ၁၃၁x၁၃၂ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးသိန်းအောင်၏ [SP ရရှိသူ ဒေါ်စွန်ကျိန်ရင် (ခ) တင်တင်ရွှေ]ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၄၂၁၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စိန်စိန်သန်း [၅/မမတ (နိုင်) ၀၀၇၅၄၀]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၁၁၄၂/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ရှမ်းစုရပ်ကွက်၊ သစ်တောလမ်းရှိ ကွင်းအမည်- ရှမ်းစုတောင်ကွင်း၊ ကွင်းအမှတ် (၇၄၈B)၊ ဒေါ်အိအိထိုက် အမည်ပေါက်၊ ဦးပိုင်အမှတ် (၁၅၉/၂)၊ ဧရိယာ (၁.၂)ဧက ဟုခေါ်တွင်သော အလျား (၃၀၀)ပေx အနံ(၅၅)ပေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်အိအိထိုက် [၁၂/တကန(နိုင်)၁၃၈၈၆၅]က ကျွန်ုပ်မိတ်ဆွေထံ ရောင်းချသည်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးကျော်ဟန်သိန်း[၁၂/ထတပ(နိုင်) ၀၅၄၉၂၃]မှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းချဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းထိုက်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၄၂၈)**
**ဆည်မြောင်းဝင်း၊ မင်္ဂလာရပ်ကွက်၊ တိုက်ကြီးမြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇၇၊ ဘောဂသီရိလမ်း၊ မြေကွက်အမှတ် (၄၆၉)၊ မြေအကျယ်အဝန်း (၄၀ပေx ၆၀ပေ) (၂၄၀၀)စတုရန်းပေရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးမြညွန့် (ISN-၄၅၉၇၇၅)အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး ဒေါ်ဖြူဖြူခိုင် [၉/မခန(နိုင်)၁၆၉၈၂၆]မှ ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းအေး [၁၂/သဃက(နိုင်)၂၀၀၅၂၈]မှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်မြင့် LLB., B.Sc (Engg) (Electronic).,**
**အထက်တန်းရှေ့နေ၊ စဉ်- ၃၈၃၇၁**
**အမှတ် (၆)၊ ၁၆၁ လမ်း၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၁၀၅၁၈၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ် (FMI City)၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ် (၈၂)၊ အကျယ်အဝန်းအားဖြင့် အလျား ပေ(၇၉/၈၁)x အနံ ပေ(၈၀.၆/၈၁) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၈၂)၊ စိမ်းလဲ့ကန်သာလမ်း၊ (၄) ရပ်ကွက်၊ (FMI City)၊ လှိုင်သာယာမြို့နယ်ဟု ခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်သန္တာခိုင် [၁၂/ဗဟန(နိုင်)၀၂၅၈၁၆]က ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင် လက်ဝယ်ရှိသည့်အပြင် တရားဝင် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်ပိုင်ဆိုင်မှုဆိုင်ရာ အရှုပ်အရှင်း တစ်စုံတစ်ရာမျှမရှိပါကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇာနည်ထွန်း [၉/ကပတ(နိုင်)၁၄၁၆၂၀]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်း/အဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုဆိုင်ရာ စာချုပ်စာတမ်း (မူရင်း)အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်း/အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်မိုး (LL.B), (D.B.L)** — **ဦးနိုင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၁၇)** — **အထက်တန်းရှေ့နေ(စဉ်-၅၀၀၉၈)**
**အမှတ်(၂၄)၊ (၆)လွှာ၊ စမ်းချောင်းလမ်း၊**
**စမ်းချောင်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၆၀၆၁၀၁၃၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်အမှတ်(၈၀၈)၊ ဦးပိုင်အမှတ် (၂၆-ခ+၂၇+၂၈-ခ)အတွင်းမှ (၂၆-ခ+၂၇)ခဲစင်း၊ ၆၃လမ်း၊ ၂၈x၂၉ လမ်းကြားရှိ ဦးမောင်မောင်၊ ဦးပြုံးချို အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၇၁၆/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ဦးမောင်မောင်၊ ဦးဆန်နီထွန်း၊ ဦးမင်းဟန်၊ ဦးခင်မောင်ကြီးတို့ (၄)ဦးအနက် ဦးဆန်နီထွန်း ပါ (၃)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၃၁၁၁/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူ ဦးမောင်မောင် [၉/မရမ(နိုင်)၀၇၇၃၃၈]က အမှုတွဲအမှတ် (၀၁၅၅/ဘခွဲ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၇၉၆)၊ ဦးပိုင်အမှတ်(၁၄-က)၊ ၂၃ လမ်း၊ ၆၂(B)x ၆၃ လမ်းကြားရှိ ဒေါ်ချစ်ချစ်၊ ဦးရဲမြင့်အောင်တို့ (၂)ဦးအမည်ပေါက် ဂရန်မြေကွက်အား ဇနီးဖြစ်သူ ဒေါ်ချစ်ချစ်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၁၀၁၃/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးရဲမြင့်အောင် [၉/မရမ(နိုင်)၀၁၉၅၉၂]က အမှုတွဲအမှတ် (၁၁၃၉/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အများသိစေရန် အသိပေးကြေညာခြင်း"

"ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၀(မ)၊ လူနေရပ်ကွက်အမှတ် (၁၀)၊ မြေကွက်အမှတ် (၃-က)၊ မြေအမျိုးအစား (နှစ်-၆၀ မြေငှားဂရန်မြေ)၊ (အလျား ၁၂၀ x အနံ ၁၂၀)ပေရှိ ဒေါ်ညွန့်ညွန့်ရီ အမည်ပေါက် မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး (တစ်နည်းအားဖြင့်ဆိုသော်) ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ခရိုင်၊ သာကေတမြို့နယ်၊ (၁၀/မြောက်)ရပ်ကွက်၊ လယ်ယာ(၆)လမ်း၊ အမှတ် (၃/က)၊ အကျယ်အဝန်း (အလျား ၁၂၀x အနံ ၁၂၀)ပေရှိ ဒေါ်ညွန့်ညွန့်ရီ အမည်ပေါက် မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"၏ အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ညွန့်ညွန့်ရီ [၁၂/ပဇတ(နိုင်)၀၁၅၂၅၆](MYA-090514)မှ တရားဝင်လက်ရှိထားပိုင်ဆိုင်၍ လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများအား အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူများမှလည်း ဝယ်ယူရန်အတွက် သဘောတူညီပြီး စရန်ငွေပေး ကတိစာချုပ်ကိုချုပ်ဆို၍ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ခိုင်မာသောပိုင်ဆိုင်မှု စာချုပ်စာတမ်း/စာရွက်စာတမ်း အထောက်အထား(မူရင်း)များအား ယူဆောင်ကာ ယနေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးသီတာမော် (LL.B, D.B.L) (တရားလွှတ်တော်ရှေ့နေ) (စဉ်- ၈၄၂၉/၁၂)**
**အမှတ်( ၉၉/၁၀၁ )၊ ကျောက်မြောင်းလမ်းနှင့် မလွကုန်းလမ်းထောင့်၊**
**ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ သဃ်န်းကျွန်းခရိုင်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၁-သမိုင်း၊ မြိုင်ဟေဝန်)၊ မြေကွက်အမှတ်- (၅၆/က)၊ အကျယ်ဝန်း- (၀.၀၅၂) ဧကရှိ နှစ်(၆၀)ဂရန်မြေကွက် တစ်နည်းအားဖြင့် အမှတ်-(၅၆-က)၊ (၄)ရပ်ကွက်၊ မြိုင်ဟေဝန်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးအောင်ကျော်မိုး (ဘ) ဦးကျော်ဆွေ [၁၂/ရကန(နိုင်)၀၂၇၄၈၆]၏ အမည်ဖြင့် မှတ်သားထားပါသည်။ အထက်ဖော်ပြပါ ရောင်းချသူသည် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကိုယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထား ဂရန်စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်တင့် (ခ) ဦးခင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၅၇၅၁/၁၉၉၁)**
**အမှတ်- ၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၃၉၃၀၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၁ နှင့် ၅)**
**သာကေတမြို့နယ်တရားရုံးတော်၌**
**၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၆၂**

ဦးရီသန့် နှင့် ၁။ ဦးတင်အောင်
၂။ ဦးသန်းမောင်

**(တရားလို)** — **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ(၁၁)လမ်း၊ အမှတ် (၃၃)နေ ၁။ ဦးတင်အောင်၊ ၂။ ဦးသန်းမောင် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဦးရီသန့်က ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင်တို့ ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ(၂၅)ရက် (၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၁၄)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြရွှေဇင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**သာကေတမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူနယ်မြေ၊ (၇)ရပ်ကွက်၊ မြေကွက်အမှတ်(၁၂၀)ဟုခေါ်တွင်သည့် အကျယ်အဝန်း(၆၀ပေxအနံ၆၀ပေ)ရှိ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဦးအောင်ပွင့်အမည်ဖြင့် မြေပေးမိန့် ချထားပေးသည့် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်မြင့်မြင့်သိန်း[၁၄/ပသန(နိုင်)၁၄၈၀၅၇] မှ ဆက်စပ်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ လွှဲပြောင်း ရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု ပြောဆိုရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေ ဦးဟန်ဝင်းအောင်[၇/ကတခ(နိုင်)၁၁၆၆၄၈]မှ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေ ဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အပေါ် ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်နေ့မှ (၇)ရက်အတွင်း တရားဝင် ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း) များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဟန်ဝင်းအောင်၏လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးစိုင်းမျိုးထက် (LL.B)** | **ဒေါ်ငြိမ်းငြိမ်းနိုင်(LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၃၁၉၄၁/၃–၉–၂၀၀၉)** | **(စဉ်–၅၆၈၁၂/၁၁–၃–၂၀၂၅)** |
| **အမှတ် (က/၉၁၁)၊ သုဇာတာ (၂) လမ်း၊** | **အမှတ်(၁၄) ဇီဇဝါလမ်း၊** |
| **(၂) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊** | **ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။** |
| **ရန်ကုန်တိုင်းဒေသကြီး။** | **ဖုန်း–၀၉–၇၅၈၀၆၇၂၀၆** |
| **ဖုန်း – ၀၉ – ၇၉၆၉၆၉၃၃၅** | |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ အမှတ်(၈၂၅)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက် အမှတ်(၃၄)၊မြေကွက်အမှတ်(၈၂၅)၊ ဧရိယာ(၀.၀၅၀)ဧက ရှိနှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကိုရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းမှတ်တမ်းတွင် ဒေါ်တင်တင်နွေး[၁၂/သဃက(နိုင်)၀၄၆၇၈၅] အမည်ပေါက် မှတ်သားထားပြီး ၎င်းထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထား သူ ဦးတိုးမောင်[၁၂/လသန (နိုင်)၀၀၅၇၁၄]မှ မိမိတစ်ဦးတည်း ပိုင်ဆိုင်၍ လက်ဝယ်ထားကာ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အထွေး ကင်းရှင်းသော မြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံ ကတိပြုပြောဆိုပြီး ကျွန်ုပ်၏ မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်း ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိုကန့်ကွက်လိုသူ မည်သူမဆို မြေကွက်နှင့်သက်ဆိုင်သည့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာ ပါသည့်နေ့မှစ၍ ( ၁၄ ) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက် ကျော်လွန်၍ ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၆၈)**
**အမှတ် –၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၀၅၇၄၉၈**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မနှင်းပွင့်အောင် [၁၂/သကတ(နိုင်)၂၁၅၂၅၄] သည် မိဘ၏ပြောဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ကျွန်ုပ်၏ မိတ်ဆွေများမှ ၎င်းတို့၏ အမွေစားအမွေခံ သမီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် မနှင်းပွင့်အောင်[၁၂/သကတ(နိုင်)၂၁၅၂၅၄]၏ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးတင်ထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယုဇနခင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၅၂၉)**
**ဖုန်း–၀၉–၂၅၀၉၇၇၇၁၇**

## အများသိရှိစေရန် ကြေညာအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ အမှတ်(၂၅)နေ (ဘ)ဦးအောင်ကျော်မြင့်၏ သမီးဖြစ်သူ မယုဇာဖြူ[၁၂/လမတ(နိုင်)၀၀၁၅၄၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိရှိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ ဇင်္ဂမလမ်း၊ အမှတ်(၈၀)နေ (ဘ)ဦးမင်းသိုင်း၏ သားဖြစ်သူ ကိုတေဇာသိုင်း [၁၄/ဘကလ(နိုင်)၁၄၆၄၉၅]နှင့် ကျွန်ုပ်၏မိတ်ဆွေ မယုဇာဖြူတို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ (၂၅–၄–၂၀၁၀)ရက်နေ့တွင် တရားဝင်လက်ထပ် ထိမ်းမြားခဲ့ကြပါသည်။

အိမ်ထောင်သက်(၁၅)နှစ်တာကာလအတွင်း ကျွန်ုပ်၏မိတ်ဆွေ မယုဇာဖြူသည် မယားဝတ္တရားနှင့်အညီ ပြုမူကျင့်ကြံနေထိုင်ခဲ့သော်လည်း ကိုတေဇာသိုင်းသည် လင့်ဝတ္တရားနှင့်အညီ ကျွေးမွေးစောင့်ရှောက်တာဝန်ယူမှုမရှိ၍ မယုဇာဖြူအနေဖြင့် မိမိစားဝတ်နေရေးအတွက် ကိုယ်တိုင်အလုပ်လုပ်ကိုင်နေရသည့်အပြင် ကိုတေဇာသိုင်း လိုအပ်သည့် ငွေကြေးအခက်အခဲများကိုပင် မကြာခဏဖြေရှင်းဆောင်ရွက်ပေးရခြင်း၊ နှစ်ဦးပိုင် တန်ဖိုးရှိ လက်ဝတ်ရတနာပစ္စည်းကို ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ ၎င်းတစ်ဦးတည်း ကိုယ်ကျိုးအလွဲသုံးစားခဲ့ခြင်း၊ ထို့အပြင် ဇနီးမယားအား အခြားတစိမ်းယောကျ်ားများဖြင့် မဟုတ်မမှန်စွပ်စွဲပုတ်ခတ်ပြောဆိုမှုများကြောင့် မကြာခဏ ပြဿနာဖြစ်ပွားရခြင်းတို့ကြောင့် မယုဇာဖြူ၏ ဆွေမျိုးအသိုင်းအဝိုင်းကြားတွင် ဂုဏ်သိက္ခာ အကြိမ်ကြိမ်ကျဆင်းကာ ကိုယ်စိတ်ဆင်းရဲခြင်း ကြီးစွာဖြစ်ပေါ်ခဲ့ရကြောင်း သိရှိရပါသည်။

၎င်းအပြင် ဇနီးတစ်ဦးအနေဖြင့် ခွင့်မလွှတ်နိုင်သော လူမှုရေးဖောက်ပြန်မှုကို ကိုတေဇာသိုင်းသည် ကျူးလွန်ခဲ့ကာ တရားမဝင် နောက်အိမ်ထောင်ပြုထားသောကြောင့် နေအိမ်ပြောင်းရွှေ့သွားခဲ့သည်မှာ သက်တမ်း (၃)နှစ်ကျော်ခဲ့ပြီဖြစ်ပါသည်။ ဇနီးမယားအား ငွေကြေးထောက်ပံ့မှုလုံးဝမရှိသည့်အပြင် ဇနီးတစ်ဦးအနေဖြင့် တာဝန်ယူမဖြေရှင်းနိုင်သည့် မလိုလားအပ်သော ကိစ္စရပ်များကို အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေ မယုဇာဖြူအနေဖြင့် လင်သားတစ်ဦးအား စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သော ကိစ္စအရပ်ရပ်တို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဦးမြင့်သိန်း(အောင်)**
**LL.B, D.I.L, DA (Psy),**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၈၅၀)**
**အမှတ်(၉၀)၊ ဒုတိယထပ်၊ ၄၉–လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၈၅၁၃၂၊ ၀၁၈–၂၉၇၇၈၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၄၄ (သမိုင်း)၊ မြေကွက်အမှတ်(၇/C)၊ ဧရိယာ(၆.၅၈၇)ဧကရှိ ဦးဘသိန်းနှင့် ၅၅ ဦးအမည်ပေါက် B လ/န ၃၉၊ အိမ်ရာမြေ အဖြစ်အသုံးပြုသည့် မြေကွက်အနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသည့်(၆.၅၈၇)ဧက၏အစိတ်အပိုင်း ဖြစ်သည့် အကျယ်အဝန်း (၄၀ပေx၃၀ပေ)ခန့်ရှိမြေကွက်၊ မြေကွက်လိပ်စာအမှတ်–၂၈၊ ဝိဇ္ဇာလမ်း၊ ၅–ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုလာသူ ဦးနေဝင်း[၁၂/ပဘတ (နိုင်) ၀၂၄၈၄၄]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို စာချုပ် စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိထားဖြူ**
**LL.B, D.B.L, D.I.L, MA (Business Law), D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၀၅)**
**အမှတ်(၁/ဒီ)၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၅၅၀၅၈၇၁**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ (၉၂)လမ်း၊ အမှတ်(၆၅)ရှိ မြေတိုင်းရပ်ကွက်အမှတ်(၁၂–K)၊ မြေကွက်အမှတ် (၃၀)၊ အကျယ်အဝန်း (၂၉' ၉"x၅၀')၊ ဧရိယာ (၀.၀၃၄)ဧက၊ မြေအမျိုးအစား နှစ်(၉၀) ဂရန်မြေ၊ အမည်ပေါက် ဦးအောင်မြင့် [၁၂/ဒဂန(နိုင်)၀၂၆၂၄၈]ဖြင့်ရှိသော မြေကွက်နှင့် RC(၅)ထပ် တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကာလတန်ဖိုး တစ်ရပ်ဖြင့် ရောင်းချရန် အဆိုပြုကမ်းလှမ်းခဲ့ရာတွင် ကျွန်ုပ်၏ မိတ်ဆွေများမှလည်း ဝယ်ယူရန် သဘောတူညီပါသဖြင့် (၁၂–၇–၂၀၂၅)ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိလတ်ဖြိုး**
**အထက်တန်းရှေ့နေ(စဉ်–၃၀၈၀၇)**
**ဖုန်း–၀၉–၄၃၀၇၃၃၁၈၊ ၀၉–၅၁၆၃၀၅၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃/မာန်ပြေ)ရပ်ကွက်၊ မာန်ပြေ(၁၀)လမ်းအရှေ့၊ မြေကွက်အမှတ်(၄၄၉)၊ အကျယ်အဝန်း(၈ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးထွန်းထွန်းနိုင်[၁၂/ဆကခ(နိုင်)၀၁၃၆၃၄]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ဒေါ်မို့မို့ [၁၂/စခန(နိုင်)၀၀၂၈၉၆]သည် (၁၀–၇–၂၀၂၅)ရက်နေ့တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်း မူရင်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့လည်းကောင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မို့မို့ [၁၂/စခန(နိုင်)၀၀၂၈၉၆]** | **ဒေါ်ယုဇနခင် (တရားလွှတ်တော်ရှေ့နေ)** |

**စဉ်–၁၈၅၂၉၊**
**တိုက်(၂)၊ အခန်း(၃၀၂)၊ မြင်တော်သာအိမ်ရာ၊**
**၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၀၉၇၇၇၁၇**

## အများသိစေရန်သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ရဲစုတောင်ရပ်ကွက်၊ ဦးမောင်ဆင့်လမ်း၊ အိမ်အမှတ်–၇၂၁၊ ရှေ့နောက်အလျားပေ ၇၀x မျက်နှာစာ အနံ ၂၁ပေ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်–၇၂၁၊ ဦးမောင်ဆင့်လမ်း၊ ရဲစုတောင်ရပ်ကွက်၊ ထောက်ကြန့်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော ၂ထပ် ပျဉ်ထောင်နေအိမ်နှင့် ယင်းနေအိမ်တွင် သွယ်တန်း တပ်ဆင်ထားသော ရေ၊ မီး၊ မီလ္လာ အပါအဝင် ယင်းတို့နှင့် ပတ်သက်လျက်ရှိသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအားလုံး၏ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဆက်စပ်စာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့် ဒေါ်မိုးနှင်းဦး[၁၂/မဂဒ(နိုင်)၁၄၂၆၀၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက မည်သူမဆို အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် နေ့မှစ၍ (၇) ရက်အတွင်း စာချုပ်စာတမ်း (မူရင်း) အထောက်အထားများနှင့်တကွ တရားဝင် ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသူရိန်ထွန်း LL.B,DBL,DML,DIL,DIPL,D.A.Psy**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၂၆၁)**
**အခန်း–၁၆(ခ)၊ ပထမထပ်၊ အမှတ်–၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၁၀၆၂၈၉၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၇၆၁)၊ သဇ္ဇာ(၁)လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးသန့်နိုင်ဦး[၁၂/စခန(နိုင်)၀၅၇၈၅၀]၊ ဒေါ်နော်ဂျီဇာဘလုလေး [၁၂/အစန(နိုင်)၁၀၄၂၄၇]အမည် ပေါက် နှစ်(၆၀) မြေငှားစာချုပ် ဂရန်မြေအား မြေအမည်ပေါက် (၂)ဦးအနက် ဦးသန့်နိုင်ဦး ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်အမှတ်–၇၄၆၁/၂၀၂၃ (၂၄–၈–၂၀၂၃)ဖြင့် ကျန်အမည်ပေါက် ဒေါ်နော်ဂျီဇာဘလုလေး [၁၂/အစန(နိုင်)၁၀၄၂၄၇]မှ ပိုင်ဆိုင်ပြီး နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)၊ ပိုင်ဆိုင်စာချုပ်တို့ တင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ (၁၀–၈–၂၀၂၃) ရက်နေ့တွင် ခွင့်ပြုထုတ်ယူခဲ့သော အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံနှင့် ပတ်သက်၍ အလုပ်ကိစ္စဖြင့်သွားလာစဉ် ပျောက်ဆုံးသွားခဲ့ပါကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျမ်းကျိန်လွှာပူးတွဲ၍ ရှင်းလင်းတင်ပြလာပါသဖြင့် ဒေါ်နော် ဂျီဇာဘလုလေး၏ အမည်ပြောင်း လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇၉)၊ မြေကွက်အမှတ်(၁၄၈၁)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးကြီးစိန်(ISN–၀၄၉၆၅၅)အမည်ဖြင့် မြေချပါမစ်မူရင်းထွက်ရှိထားသည့် ဧရိယာ(၄၀ x ၆၀)ပေမြေကွက် အတွင်းမှ ခွဲစိတ်၍ မြေကွက်အမှတ်(၁၄၈၂)နှင့် ကပ်လျက်ဘက်အခြမ်း ပါမစ်မူရင်း(၂)ရွက်ပါ (အလျား ၂၀ x အနံ ၆၀)ပေ မြေကွက် နှင့် ယင်းမြေကွက်၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်သီသီစန်း [၁၂/သကတ(နိုင်)၁၂၈၆၀၇]က တရားဝင်လက်ရောက်ပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သီဟ[၁၂/မဂဒ(နိုင်)၁၆၁၁၈၅]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးအပ်ထားပြီးဖြစ်ပါသဖြင့် အဆိုပါ ပါမစ်မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်သီဟ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးသဉ္ဇာဦး(LLB, CBL, DBL) (DL – 101 WIPO Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၄၈၃)**
**အမှတ်–၃၂၀၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၀၄၄၁၀၀၇၀၊ ၀၉–၇၈၇၀၈၀၃၃၇**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇဓိရာဇ်(၂၁)လမ်း၊ ၆–လွှာ၊ ခြေရင်းခန်း၊ တိုက်အမှတ်(၇၉၀/ခ+၇၉၁/က)ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား၁၇'x အနံ၅၄')ရှိ ရေ၊ မီး၊ မီလ္လာ စုံလင်စွာပါရှိသောတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးဇော်မင်းထွန်း[၁၂/ဥကမ(နိုင်)၂၆၃၀၁၂]မှ တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီရိနန္ဒာဝင်းနွဲ့ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၃၂၇)**
**အမှတ်(၁၂)၊ ဘုရင့်နောင်(၁၁)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၂၀၄၂၀၈၇၁၊ ၀၉–၇၉၉၂၃၀၀၃၉**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ ရာဇသင်္ကြန်လမ်းမကြီး၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁)၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ ဦးကျော်စိုးလွင် အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် အရပ်ကတိစာချုပ် အဆက်စပ်ဖြင့်ဝယ်ယူ၍ တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသိန်းစိုးအောင် [၁၂/လမတ(နိုင်)၀၂၅၄၆၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့် ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"လွှဲအပ်ညွှန်ကြားချက်အရ"**
**ဦးအောင်နိုင်ထူး LL.B., WIPO (Switzerland)**
**"တရားလွှတ်တော်ရှေ့နေ"စဉ်(၁၃၅၇၅)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်းအောက်၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။ Ph:09–420088970**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၈)၊ မြေကွက်အမှတ်(၂၂၃)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေရှိ ဒေါ်ခင်ညွန့်[၁၂/ဥကတ(နိုင်)၀၉၃၀၂၅]အမည်ပေါက် မြေချပါမစ် မြေအမျိုး အစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်စန်းစန်းဦး[၁၃/ ပလတ(ပြု)၀၀၀၀၂၂]ထံမှကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက် အရေးဆို နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ် သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B, D.B.L, D.I.L, WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၂၄၁**

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် နေ မခင်သဉ္ဇာမိုလ် [၁၂/ဥကတ(နိုင်) ၁၇၅၃၆၀](၂၀၁၀–တက္ကသိုလ်ဝင်တန်း အောင်)၏ ဖခင် ဦးပို့ပို့ [၁၂/သဃက (နိုင်)၀၆၇၆၁၈] နှင့် ဦးဗိုလ်ဗိုလ်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးပို့ပို့(ခ)ဦးဗိုလ်ဗိုလ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်–၉၉–၁၇၊ ဦးပိုင်အမှတ်–၅၃ ခဲစင်း အနောက်ခြမ်း၊ ၄၈x၄၉ကြား၊ ၁၀၈x၁၀၉ လမ်းကြားရှိ ဒုတကသိန်းဦး အမည်ပေါက် တောဂရန် မြေကွက်အား၊ တရားလို ဒေါ်စူးရှင်းစုံက တရားပြိုင် ဒုတကသိန်းဦး (၎င်း၏ SP ရသူ ဒေါ်ဝေဝေ)အပေါ် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၈၃/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်စူးရှင်းစုံ [၁၃/ကခန(နိုင်)၀၈၉၁၃၈]က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ သုမနလမ်းနှင့် ဇောတိက လမ်းထောင့်၊ အမှတ်– ၅၆၁ (ဒုတိယထပ်–ညာ)ဟုခေါ်တွင်သော ရေမီးစုံလင်စွာပါရှိသော ကွန်ဒိုတိုက်ခန်းနှင့်တကွ ယင်းကွန်ဒိုတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ် ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဒေါ်စိုးသန္တာလှိုင်[၁၂/ဗတထ(နိုင်)၀၂၆၈၈၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူတို့က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်အတူ ဤကြေညာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်လွင်လွင်မြ B.A (Law), LL.B, LL.M** | **ဒေါ်မြင့်မြင့်ချို LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၉၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၅၆၀)** |

**အမှတ်–၈၂(ပထမထပ်–ဝဲဘက်)၊ (၄၉)လမ်းအလယ်၊ (၁)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၂၅၄၁၂၅၆၂၈၊ ၀၉–၂၅၄၁၂၁၄၃၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၆/၂၊ မြေကွက်အမှတ်–၅၉၊ မြေကွက်တည်နေရာအမှတ်–၅၉၊ သုဒဿန(၁)လမ်း၊ ၁၆/၂ ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးသိန်းငွေ (L/RGN–၀၀၁၄၁၅) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းငွေသည် (၂–၅–၂၀၂၅)ရက်နေ့တွင်ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်တင်ကြည်[၁၂/သဃက(နိုင်) ၀၂၀၆၂၃]မှ တရားဝင်ဇနီးတော်စပ်ကြောင်း၊ ၎င်းသာလျှင်မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံခွင့် ရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်း၊ နိုင်ကတ်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ စီမံကိန်းမန်နေဂျာရုံး(၁)၊ တောင်ပိုင်း ရန်ကုန်၊ မော်တော်ယာဉ်ဝင်းတွင် (၃၁၀' x ၁၃၀' x ၁'-၆" ထု) သဲဖို့ခြင်း၊ (၃၁၀' x ၁၃၀' x ၁'-၆'' ထု) ကျောက်ကြီးခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် တင်ဒါအမှတ်၊ 38(T)/DPTSC(PTP)/2025-2026 (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၃၀-၇-၂၀၂၅) ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal **(www.moep.gov.mm)**တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉၊ ၀၆၇-၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ လူနေရပ်ကွက်အမှတ်(၁၂)၊ နှင်းဆီလမ်းသွယ်(၁)၊ မြေကွက်အမှတ်(၂၀၅/က) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်ရွှေအမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦအပါအဝင် ရေမီးစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထား ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သိမ့်သိမ့်အေး [၈/မကန(နိုင်)၂၁၃၉၉၃]ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးရှင်ဆုံး[၉/မမန(နိုင်)၀၀၁၂၆၀]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရှင်ဆုံး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ သဇင်လမ်း၊ The Gems Garden Condominiums၊ တိုက်နံပါတ်(၃)၊ အခန်းအမှတ်(၄၀၅)၊ အကျယ်အဝန်း (၈၉၇-စတုရန်းပေ)ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ နေထိုင်သုံးစွဲပိုင်ခွင့် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဦးခင်မောင်တာ[၁၂/ရကန(နိုင်)၀၆၉၅၂၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

သို့ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဉာဏ်လွင်မော် (အထက်တန်းရှေ့နေ) (စဉ်-၅၄၄၂)**
**အမှတ်-၁၀၈၊ ပထမထပ်၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၈၉၄၀၆၆၆၅၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ လင်းလွန်း/မြောက်ရပ်ကွက်၊ သရဝဏ်ရိပ်သာ(၂) လမ်း၊ အမှတ်(၂၂)၊ တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈စီ^၁)၊ မြေကွက်အမှတ်(၈၁/၁၂)၊ မြေအမျိုးအစား-မြေပိုင်မြေ၊ မြေအမည်ပေါက် ဒေါ်ဖြူ[၁၂/ကမရ(နိုင်)၀၄၅၉၇၃] မြေကွက်ဖြစ်ပါသည်။ အမည်ပေါက်သူ ဒေါ်ဖြူသည် ဦးချစ်ထူးဟန်[၁၂/ကမရ(နိုင်)၀၅၅၀၉၇]၊ ဒေါ်နှင်းယုလွင်[၁၂/ကမရ(နိုင်)၀၅၉၆၄၃]၊ ဦးလွင်ထူးဟန်[၁၂/ကမရ(နိုင်)၀၅၉၆၄၄]၊ ဒေါ်ဆုရတနာအောင်[၁၂/ကမရ(နိုင်)၀၆၇၀၉၃] တို့အား ကိတ္တိမ အမွေစားအမွေခံ မွေးစား သားသမီးအဖြစ် မွေးစားခြင်းမှတ်ပုံတင်စာချုပ်အမှတ်-၃၂၈/၉-၁၀-၂၀၁၄ ဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပြီး ကိတ္တိမသားသမီးအဖြစ် အမွေစားအမွေခံ မွေးစားခဲ့ကြောင်း၊ ဒေါ်ဖြူသည် (အပျိုကြီးအိမ်ထောင်မရှိ) ဘဝဖြင့် ၈-၇-၂၀၁၅ ရက်နေ့တွင် ကွယ်လွန်ခဲ့ကြောင်း၊ ဒေါ်ဖြူတွင် ၎င်းတို့ အမွေစားအမွေခံ သားသမီး(၄)ဦးမှလွဲ၍ အခြားအမွေစားအမွေခံ ကိတ္တိမမွေးစားသားသမီးများ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အထက်ပါ ပစ္စည်းကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဖြူ(ကွယ်လွန်)ပြီးဖြစ်၍ မြန်မာလူမျိုး ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြ၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ၎င်းတို့ ကျမ်းကျိန် မြွက်ဆိုသူ(၄)ဦးမှသာ အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးတွင် ကျိန်ဆိုသည့်ကျမ်းကျိန်လွှာ အမှတ်-၁၃၇/၂၀၂၅(၄-၃-၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ကိတ္တိမ မွေးစားစာချုပ်အမှတ်-၃၂၈/၁၄(၉-၁၀-၂၀၁၄)၊ ဒေါ်ဖြူအမည်ပေါက်သည့် အရောင်းစာချုပ်အမှတ်-၂၂၆၀/၉၆(၂၆-၈-၉၆)၊ ဒေါ်ဖြူ၏ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် မြေပြင်ကွင်းဆင်းချက်အရ မြေပေါ်တွင် တစ်ထပ်တိုက် အဆောက်အဦရှိပြီး ကိုယ်တိုင်နေထိုင်ကြောင်းနှင့် ၎င်းတို့(၄) ဦးမှလွဲ၍ အခြားသူမရှိကြောင်း ကွင်းဆင်းစဉ် လက်မှတ်ရေးထိုးတင်ပြ၍ ဦးချစ်ထူးဟန်၊ ဒေါ်နှင်းယုလွင်၊ ဦးလွင်ထူးဟန်၊ ဒေါ်ဆုရတနာအောင်တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားခြင်းအား ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ပုဂံလမ်း၊ မြေကွက်အမှတ်(၇၄၀)၊ အကျယ်အဝန်း(၄၀ x ၆၀)ပေကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးလှဝေ[၁၂/တတန(နိုင်)၀၆၉၇၄၁]အမည်ဖြင့် ထွက်ရှိထားသော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်၏ (၄၀ x ၆၀)ပေရှိသည့်အနက်မှ အကျယ်အဝန်း(၁၀ x ၆၀)ပေရှိ (မြေကွက်အမှတ်-၇၄၁နှင့်ကပ်လျက်) မြေကွက်အမှတ် (၇၄၀/၀)ဟုခေါ်တွင်သည့် မြေကွက်နှင့် လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် လက်ဝယ် ထားရှိပိုင်ဆိုင်သူ ဒေါ်သန်းသန်းဦး[၁၂/ရကန(နိုင်)၀၈၂၉၂၃]က ၎င်းသာလျှင် အဆိုပါမြေကွက်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းနု[၁၂/သကတ(နိုင်)၂၁၆၆၈၅]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်သန်းနု** | **ဦးအောင်မျိုးခင်(LL.B)** |
| **[၁၂/သကတ(နိုင်)၂၁၆၆၈၅]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၈၁)** |
| | **ဖုန်း-၀၉-၂၅၂၄၁၉၄၉၃** |

## ငွေးချက်ထုတ်ရန်သမ္မန်စာ
## တရာမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၂

| | | |
|---|---|---|
| ဦးအေးသန်း | နှင့် | ဒေါ်သန်းဝင်း |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၂၄)နေ ဒေါ်သန်းဝင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက“ ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပြုလုပ် ချုပ်ဆိုပေးစေလိုမှု” လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင်ကိုယ်စားရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဇူလိုင်လ (၂၉)ရက် (၁၃၈၇- ခုနှစ်) ဝါခေါင်လဆန်း (၅) ရက် မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုပါလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇူလိုင်လ (၁၅)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝေနှင်းသူ)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၉၊မြေကွက်အမှတ်-၆၇၉/က၊မြေကွက်တည်နေရာအမှတ်-၆၇၉/က၊ပိတောက်ရွှေဝါလမ်း(၁၉)ရပ်ကွက်၊ဒဂုံတောင်၊ဦးသန်းစိန်(J/RGN-024314)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားဂရန်အမည်ပေါက်-ဦးသန်းစိန်ဖခင်/ယောက္ခထီးဖြစ်သူသည်(၂၂-၇-၂၀၁၆)ရက်နေ့တွင်လည်းကောင်း၊မိခင်/ယောက္ခမဖြစ်သူဒေါ်သန်းမြသည်(၂၅-၂-၁၉၉၆)ရက်နေ့တွင်လည်းကောင်း၊ဒေါ်ငွေငွေမော်၏ခင်ပွန်းဦးဇော်မင်းအေး(အမွေစားအမွေခံကတ္တိမသားအဖြစ်မွေးစားခြင်းမှတ်ပုံတင်စာချုပ်အမှတ်-၄/၂၀၁၄(၁၃-၁-၂၀၁၄)အရဦးသန်းစိန်ကတရားဝင်မွေးစားခဲ့သည့်ကိတ္တိမသား)ဖြစ်သူသည်(၁၄-၇-၂၀၂၁)ရက်နေ့တွင်လည်းကောင်းအသီးသီးကွယ်လွန်ခဲ့ပါသည်။ဒေါ်မြင့်မြင့်အေး(၁၂/ဒဂတ(နိုင်)၀၀၀၈၀၃)နှင့်ကိတ္တိမသားဖြစ်သည့်ကွယ်လွန်သူဦးဇော်မင်းအေး၏ဇနီးဒေါ်ငွေငွေမော်(၁၂/မဂတ(နိုင်)၀၆၉၂၁၅)တို့သာကျန်ရစ်ခဲ့ပြီး၎င်းတို့မှလွဲ၍အခြားအမွေဆက်ခံမည့်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊အထက်ပါမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်တို့အားမိမိတို့(၂)ဦးသာလျှင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းကျမ်းကျိန်လွှာအမှတ်-၅/၇၉၅/၂၀၂၅(၁၃-၅-၂၀၂၅)၊အသိသက်သေနှစ်ဦး၏ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊မိခင်ဖခင်သေစာရင်း၊ဦးဇော်မင်းအေးသေစာရင်း၊အိမ်ထောင်စုစာရင်း၊နှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ဦးဇော်မင်းအေး(ကွယ်လွန်သူဦးသန်းစိန်၏တရားဝင်ကိုယ်စားလှယ်)ကဒေါ်မြင့်မြင့်အေးအပေါ်အမွေအုပ်ထိန်းခွဲဝေပေးစေလိုမှုကိုရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင်တရားမကြီးမှုအမှတ်-၃၅/၂၀၁၄ဖြင့်စွဲဆိုခဲ့ရာတရားရုံးကတရားလိုဦးဇော်မင်းအေးကိုအထက်ပါမြေကွက်၏၆ပုံ၅ပုံကိုအမွေအဖြစ်ရထိုက်ကြောင်း(၂၆-၇-၂၀၁၉)ရက်စွဲပါစီရင်ချက်အမိန့်ဒီကရီချမှတ်ခဲ့ပြီးယင်းအမိန့်ဒီကရီအပေါ်ဒေါ်မြင့်မြင့်အေးကရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့တရားမပထမအယူခံမှုအမှတ်-၅၄၄/၂၀၁၉ဖြင့်အယူခံတက်ရောက်ခဲ့ရာတိုင်းဒေသကြီးတရားလွှတ်တော်ကမူလခရိုင်ရုံးအမိန့်ကိုအတည်ပြုပြီးအယူခံမှုကိုပလပ်ကြောင်းအမိန့်ဒီကရီ(၁၅-၉-၂၀၂၃)ရက်စွဲဖြင့်ချမှတ်ခဲ့ပြီးတရားမဇာရီမှုအမှတ်-၁၁၇/၂၀၂၂ဖြင့်ကော်မရှင်နာခန့်အပ်၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊(၉-၁-၂၀၂၅)ရက်စွဲပါချမှတ်သည့်ထုံးပုံကျအပြီးသတ်အမိန့်၊(၁၂-၆-၂၀၂၅)ရက်စွဲပါဇာရီမှုကိုပိတ်သိမ်းကြောင်းချမှတ်သည့်ထုံးပုံကျအပြီးသတ်အမိန့်၊တရားရုံးအမိန့်၊အမွေစားအမွေခံကိတ္တိမသားအဖြစ်မွေးစားခြင်းစာချုပ်၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ပိုင်ဆိုင်/စွန့်လွှတ်မြေပုံကူးလျှောက်ထားခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေကွက်လပ်ဖြစ်ပြီးလျှောက်ထားသူမြေနေရာပြသ၍ဒေါ်မြင့်မြင့်အေး၊ဒေါ်ငွေငွေမော်တို့မှကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးပေးပါသဖြင့်ဒေါ်မြင့်မြင့်အေး+၁တို့၏ပိုင်ဆိုင်/စွန့်လွှတ်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/၄)၊ မြေကွက်အမှတ် (၉၉+၁၀၀+၁၀၁+၁၀၂/ဃ-၂)၊ အကျယ်အဝန်း ဧရိယာ(၀.၀၇၂၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခု အခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၂၇/၄)ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာ၊ ခရေ(၉)လမ်း၊ အမှတ်(၉၉+၁၀၀+ ၁၀၁+၁၀၂/ဃ-၂)ဟုခေါ်တွင်သောအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်သိန်း[၇/သဝတ(နိုင်)၀၅၃၅၆၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ၎င်းကိုယ်စား ဒေါ်ဖြိုးလှမြင့်[၇/သဝတ(နိုင်)၀၀၀၀၀၅]သို့ ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါမြေနှင့်အိမ် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်မြလှဲ့ဝင်း(L.L.B)** | **ဒေါ်အေးအေးသိန်း(B.A, PGDL)** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၅)** |

**အမှတ်-၄၆၈၊ အောင်မြေသာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## ကန့်ကွက်နိုင်ကြောင်း
## ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ မြေကွက်အမှတ်-၁၃၂၅/ခ၊ မြေကွက်တည်နေရာအမှတ်-၁၃၂၅/ခ၊ ဒေဝဒဟ(၃၇)လမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးလှဝင်း(S/OKA-012270) အမည်ပေါက်ဦးလှဝင်းမြေကွက်အား ဦးလှဝင်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်စိုးမြင့်ခင်[၁၂/ဥကတ(နိုင်)၀၆၂၈၄၅]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၇၃၇/၂၀၂၅ (၁၄-၂-၂၀၂၅)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်၊ ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၆၁၅)၊ ဦးဇော်မင်းထွန်း[၁၂/ဆကခ(နိုင်)၀၀၉၄၅၃] အမည်ပေါက် နှစ် ၆၀)ဂရန် မြေကွက်ထဲမှ (မြေကွက်အားမျက်နှာမူလျှင်ဘယ်ဘက်) (၂၀' x ၆၀') အကျယ်အဝန်းရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းမှရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ အချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက တရားဝင်အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးသန်းညွန့် (စဉ်-၃၄၁၉/၈၅)** | **ဒေါ်အေးမြတ်သူ (စဉ်-၁၄၀၆၀/၁၇)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၀၃၅၄၂၂၊ ၀၉-၇၇၅၃၈၇၀၈၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်သီတာလမ်း၊ အမှတ်(၁၆၃-B) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ မှန်ခန်းအပေါ် ပထမထပ် (တိုက်အား မျက်နှာမူလျှင် ဘယ်ဘက်) တိုက်ခန်းနှင့်တကွ ၎င်း၏အကျိုးခံစားခွင့်များအားလုံးကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသူ ဦးစည်သူလွင် [၁၂/သကတ(နိုင်)၁၆၀၇၀၆]မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြတ်သူ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၆၀/၁၇)**
**အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၃၈၇၀၈၀**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ဗညားဒလလမ်း၊ တိုက်အမှတ်(၃၆၂)၊ မြေညီထပ်(ခေါင်းရင်း)အခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေညီခန်း၊ တိုက်အမှတ်(၃၆၂)၊ မြေညီထပ်(ခေါင်းရင်း)အခန်းကို ပိုင်ဆိုင်ကြောင်းအဆိုပြုသူ ဒေါ်မာလာဝင်း [၁၂/မဂတ(နိုင်)၀၀၃၀၇၃]ထံမှ ကျွန်ုပ်တို့က ဝယ်ယူရန်ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးအိစ္စတ်ဟာရှင်မြား** | **ဦးမိုဟာမက်ဟာရှင်မြား** |
| **[၁၂/ပဘတ(နိုင်)၀၀၀၃၃၂]** | **[၁၂/ပဘတ(နိုင်)၀၂၅၀၄၉]** |

**အမှတ်(၁၀၃/၁၀၅)၊ ၂၇-လမ်း၊ ၄-ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၃၃၅၃၊ ၀၉-၉၆၅၁၄၃၃၅၄၊ ၀၉-၅၁၉၇၉၄၆**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ရွှေဟသာလမ်း၊ အမှတ်(၁၂/က)၊ (၄၁ ပေ/၄၅ ပေx ၁၀၄ ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် အဆောက်အဦ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်။

အထက်လိပ်စာပါ မြေကွက်နှင့်အဆောက်အဦကို တရားဝင်လက်ဝယ်ထား လက်ရှိပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ကြည်ကြည်ဝင်း [၁၂/ကတတ(နိုင်)၀၀၄၂၉၁]ထံမှ ဒေါ်အားချင်[၁၃/မရန(နိုင်)၁၁၇၈၃၀] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့် နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အားချင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ၂၇-လမ်း (အောက်ဘလောက်)၊ အမှတ်-၃၃ ၊ မြေညီ (A)၊ (တိုက်ကိုမျက်နှာမူလျှင် ဝဲဘက်)၊ အကျယ်အဝန်း( ၁၂ ၁/၂ ပေx၄၀ပေ)ရှိ တိုက်ခန်း နှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ရှိတ်ခလောက်သီး(ခ)ဦးဟန်လင်းအောင်[၁၂/ပဘတ (နိုင်) ၀၁၀၂၁၆]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ်(၁၅)၊ မြေညီ(ဘီ)၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၅၀၂၁၈၄၁**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်ပပို့ကုန်တိုးတက်တင်ပို့နိုင်ရေးအတွက် မိမိတို့နိုင်ငံမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများသည် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသင့်တင့်ရန်နှင့် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသည့် ထုတ်ကုန်ဖြစ်ရန်လို...**

❖ **နိုင်ငံတော်မှ အရင်းအနှီးဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စည်းမျဉ်းစည်းကမ်းများရှိသည်ဖြစ်သဖြင့် တစ်ဦးချင်းမဟုတ်ဘဲ စုပေါင်းသမဝါယမစနစ်ဖြင့်လည်း ဆောင်ရွက်၍ရနိုင်...**

❖ **ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများဆွေးနွေး၍ စုပေါင်းသမဝါယမစနစ်ဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဖော်ဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# တပ်မတော်စစ်ကြောင်းများက နောင်ချိုမြို့အား ပြန်လည်ထိန်းချုပ်

**နေပြည်တော် ဇူလိုင် ၁၆**

ပင်လယ်ရေမျက်နှာပြင်အထက် ၂၇၅၉ ပေတွင် တည်ရှိသည့် နောင်ချိုမြို့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင်အတွင်းတည်ရှိပြီး မြောက်ဘက်တွင် သပိတ်ကျင်းမြို့နယ်နှင့် မိုးကုတ်မြို့နယ်၊ အရှေ့ဘက်တွင် ကျောက်မဲမြို့နယ်၊ တောင်ဘက်တွင် ရပ်စောက်မြို့နယ်၊ အနောက်ဘက်တွင် ပြင်ဦးလွင်မြို့နယ်တို့ ဝန်းရံတည်ရှိ၍ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့၊ ကျောက်မဲမြို့၊ သီပေါမြို့နှင့် လားရှိုးမြို့တို့သို့ မန္တလေး-လားရှိုးလမ်းမကြီးနှင့်မီးရထားလမ်းများဖြင့်လည်းကောင်း၊ တောင်ကြီးမြို့သို့အမှတ် (၄၃) ပြည်ထောင်စုလမ်းမကြီးဖြင့် လည်းကောင်း ဆက်သွယ် သွားလာနိုင်သည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် မြို့တစ်မြို့ဖြစ်သည်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ☆



နောင်ချိုမြို့အနီးရှိ ရန်သူ့စခန်းကုန်းအား သိမ်းပိုက်ရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။




မြန်မာအသင်းနှင့် တီမောအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုအဖွင့်ပွဲ၌ တီမောအသင်းကို မထင်မှတ်ဘဲ သရေကျ

**ရန်ကုန် ဇူလိုင် ၁၆**

၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ဇူလိုင် ၁၆ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းအဖွင့်ပွဲတွင် တီမောအသင်းကို အနိုင်မကစားနိုင်ဘဲ လေးဂိုးစီ သရေကျခဲ့သည်။

မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲတွင် တီမောအသင်းကို အကြိမ်ကြိမ်ဦးဆောင်နိုင်သော်လည်း ချေပဂိုးများပြန်ပေးရသလို ပွဲပြီးခါနီးပေးလိုက်ရသည့်ချေပဂိုးကြောင့် လေးဂိုးစီသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ တီမောအသင်းသည် မွေးစားနိုင်ငံသားများ ထည့်သွင်းအသုံးပြုခဲ့ပြီး မြန်မာအသင်းထံမှ သရေတစ်မှတ်ရယူခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၂၃ အသင်းနည်းပြချုပ်သစ်ဖြစ်သူ **စာမျက်နှာ ၁၈ ကော်လံ ၁ သို့** ○

**ယနေ့ ဖတ်စရာ**

**အမေရိကန်က အင်ဒိုနီးရှား ကုန်ပစ္စည်းများအပေါ် ၁၉ ရာခိုင်နှုန်း အခွန်ကောက်ခံမည်**



စာမျက်နှာ - ၁၃

**ကျိုက်ထိုမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ**

စာမျက်နှာ - ၁၄

**ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အမည်ခံ အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်**

စာမျက်နှာ - ၁၅